# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာ ပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ် (ဓမ္မပဒ – ၁၁၃)


၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ သောကြာနေ့ အတွဲ (၅၉)၊ အမှတ် ( ၁၃၀)


## တိုင်းရင်းသားများအားလုံး၏ စည်းလုံးညီညွတ်မှုသည် ပြည်ထောင်စုကြီး၏ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက မောင်းနှင်အားဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က**
**(၇၃) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့**
**ပေးပို့သည့်သဝဏ်လွှာ**
**၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၇ ရက်**

ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား–

ယနေ့ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော (၇၃) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

ရှေးနှစ်ပေါင်းများစွာကပင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ ချစ်ကြည်ရင်းနှီးစွာ အတူတကွ နေထိုင်ခဲ့ကြသည့် မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးကာ ဗြိတိသျှကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့ရပါသည်။ သူ့ကျွန်မခံလိုသော မြန်မာတိုင်းရင်းသားများသည် ဗြိတိသျှတို့အား နည်းအမျိုးမျိုးဖြင့် ဆန့်ကျင်ခဲ့ကြပြီး ဗြိတိသျှတို့ကလည်း တိုင်းရင်းသားအချင်းချင်းစိတ်ဝမ်းကွဲပြားစေရန် တောင်တန်းဒေသနှင့် ပြည်မကိုခွဲခြားပြီး သွေးခွဲအုပ်ချုပ်ခဲ့ကြပါသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုဖြင့် မြန်မာ့လွတ်လပ်ရေးအတွက် တစ်မျိုးသားလုံး သွေးစည်းညီညွတ်စွာ ကြိုးပမ်းခဲ့ကြပါသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ❑



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းပုံစံငယ်အား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထူးကိုယ်စားလှယ် သံအမတ်ကြီး Mr. Kent Harstedt အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

### အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာအောင်သူ၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဦးအုန်းမောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်မတော်အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာရာ *စာမျက်နှာ ၄ ကော်လံ ၁* ◆

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

### ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထူးကိုယ်စားလှယ် သံအမတ်ကြီး Mr. Kent Harstedt အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ *စာမျက်နှာ ၃ ကော်လံ ၅* ●




မြန်မာ့အလင်း

# ကျန်းမာရေးအသိတရားဖြင့် သတိထားနေထိုင်ရမည့်အချိန်

ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) စောင့်ကြပ်ကြည့်ရှုမှုနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) က အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိသည်။ ဖေဖော်ဝါရီလ ၆ ရက် ညနေ ၆ နာရီအချိန်ထိ ထုတ်ပြန်ချက်အရ မြန်မာတစ်နိုင်ငံလုံးတွင် ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ) သံသယလူနှစ်ဦးအပါအဝင် လူနာခုနစ်ဦးတို့အား သက်ဆိုင်ရာ ဆေးရုံများတွင် ဆက်လက်စောင့်ကြပ်ကြည့်ရှု ကုသပေးလျက်ရှိပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေများ သက်သာကောင်းမွန်လျက်ရှိကြောင်း အဆိုပါ အင်တာနက်စာမျက်နှာတွင် တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ ဓာတ်ခွဲအတည်ပြုလူနာ မတွေ့ရှိရသေးသော်လည်း ရောဂါပိုးကူးစက်ခံရချိန်မှစ၍ ရောဂါလက္ခဏာများ စတင်ပြသသည့် ကြားကာလ(ရောဂါပျိုးချိန်) သည် နှစ်ရက်မှ ၁၀ ရက်အတွင်းဖြစ်၍ လက်ရှိအချိန်သည် အရေးကြီးသည့်အချိန်ဖြစ်သည်။ လူဦးရေမည်မျှ ကူးစက်ခံထားရပြီးဖြစ်မှန်း မသိရသေးသလို ၎င်းတို့နှင့် လက်ပွန်းတတီး ထိတွေ့နေသူ မည်မျှရှိနေမှန်းလည်း မသိရသေး။ ရောဂါလက္ခဏာများ စတင်ပြသချိန်တွင်မှ ရုတ်တရက်လူအမြောက်အမြားကပ်ရောဂါအသွင် ကူးစက်ခံထားရခြင်းများလည်း ဖြစ်လာနိုင်သည့် အခြေအနေဖြစ်၍ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိတို့ဖြင့် နေထိုင်သွားလာစားသောက်ကြရမည်သာ ဖြစ်သည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ)စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် အစည်းအဝေးကို နေပြည်တော်ရှိ ဝန်ကြီးရုံးတွင် နေ့စဉ်ကျင်းပပြီး မီဒီယာများမှတစ်ဆင့်လည်း နေ့စဉ်သတင်းထုတ်ပြန်လျက်ရှိသည်။ ရောဂါကူးစက်မှုမှာ မြန်နှုန်းမြင့် အခြေအနေမျိုးရှိနေခြင်း၊ ရောဂါလက္ခဏာသံသယရှိသူများကို တွေ့ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းအကြောင်းကြားရန် နှိုးဆော်ခြင်း၊ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအတွက် နေ့စဉ် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေခြင်းတို့ကို အဆိုပါအစည်းအဝေး နေ့စဉ်သတင်းများတွင် တွေ့မြင် ကြားသိ ဖတ်ရှုနေကြရပြီး အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ကြသည့်အလျောက် ကောလာဟလသတင်းများနှင့် သတင်းတု၊ သတင်းမှားများကို သတိထားပယ်ရှားနိုင်ကြမည်ဟူ၍လည်း ယုံကြည်မိသည်။

ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) ကူးစက်ပျံ့နှံ့မှုမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း ၉၉ ရာခိုင်နှုန်းရှိပြီး အခြားနိုင်ငံ ၂၄ နိုင်ငံသို့ ကူးစက်ပျံ့နှံ့မှုများ ရှိနေသည့်အတွက် နိုင်ငံတကာ မီဒီယာများတွင် ခေါင်းကြီးသတင်း (headline news) ဖြစ်လာသည်။ ဗိုင်းရပ်စ်ကူးစက်ရာတွင် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ခြင်းကြောင့် ပါးစပ်နှင့် နှာခေါင်းစည်း (mask) များ အလုအယက်ဝယ်ယူကြရာမှ ဈေးနှစ်ဆသုံးဆ မြင့်တက်သွားခြင်းနှင့်အတူ ကျန်းမာနေသည့် သာမန်လူများ ပါးစပ်နှင့်နှာခေါင်စည်း အသုံးပြုရန်မလိုကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုလာရသည်။

လေယာဉ်စီးရင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရနိုင်သည့် အခြေအနေနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများလည်းရှိကြရာ လေယာဉ်ပေါ်တွင် ဗိုင်းရပ်စ်ကူးစက်ခံရနိုင်ခြေ နည်းပါးကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်သည် ထိုင်ခုံများ၊ လက်တန်းများ စသည်တို့ပေါ်တွင် ကြာရှည်ရှင်သန်နိုင်စွမ်းမရှိကြောင်း၊ ခေတ်မီလေယာဉ်များတွင် လေသွင်းလေထုတ်စနစ်သည် ရုပ်ရှင်ရုံများ၊ ကပွဲခန်းမများ၏ လေသွင်းလေထုတ်စနစ်နှင့် မတူညီကြောင်း၊ ပြင်ပမှ လေအသစ် ၅၀ ရာခိုင်နှုန်းနှင့် လေယာဉ်တွင်း လှည့်ပတ်နေသည့် လေ ၅၀ ရာခိုင်နှုန်းတို့ကို ရောဂါပိုးသတ်နိုင်သည့် လေစစ်ဆန်ခါကို ဖြတ်သန်းစေပြီးမှ လေယာဉ်တွင်း ပြန်ပို့သည့် စနစ်ကို အသုံးပြုထားကာ ခွဲစိတ်ခန်းသုံး လေသွင်းလေထုတ်စနစ်နှင့် အလားတူပင်ဖြစ်ကြောင်း စသည့် ဗဟုသုတများကို နိုင်ငံတကာမီဒီယာများတွင် တွေ့ရှိရပြီး လက်နှစ်ဖက်ကို သန့်စင်အောင် မကြာခဏဆေးကြောခြင်းဖြင့် ဗိုင်းရပ်စ်ကူးစက်ခြင်းမှ ရှောင်ရှားနိုင်ကြောင်း အကြံပြုချက်များကိုလည်း တွေ့ရှိရသည်။

ကိုရိုနာဗိုင်းရပ်စ်(အဆုတ်ရောင်ရောဂါ) ကူးစက်ပျံ့နှံ့မှုမှာ လအနည်းငယ်အထိ ဆက်လက်ရှိနေလိမ့်ဦးမည်ဖြစ်သည်။ အသက်ကို ဉာဏ်စောင့်သည်ဆိုသော ဆိုရိုးစကားအတိုင်း မိမိနှင့်တကွ မိသားစုတို့၏ ကျန်းမာရေးကို အသိဉာဏ်ပညာ ဆင်ခြင်တုံတရားတို့ဖြင့် စောင့်ရှောက်ကြရန်ဖြစ်ရာ ကိုယ်ခံအားကောင်းမွန်အောင် စားသောက်နေထိုင်အိပ်စက်ခြင်း၊ လူစုလူဝေးပွဲလမ်းသဘင်တို့ကို ရှောင်ရှားခြင်း၊ ကျန်းမာရေးဆိုင်ရာ မှန်ကန်သည့် အကြံပြုချက်များကို မှတ်သားလိုက်နာခြင်းတို့ဖြင့် ကူးစက်ရောဂါတို့ကို ရှောင်ရှားနိုင်ကြပါစေကြောင်း။ ။




## ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။



## ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်ကော်မတီဝင်များ၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## သွား/ဆေးတက္ကသိုလ်(ရန်ကုန်) သတ္တမအကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) ဗုဒ္ဓဘာသာအသင်း မိသားစုမှ ကြီးမှူး၍ သတ္တမအကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် အဆိုပါတက္ကသိုလ် “လင်းရောင်ခြည်” ကွင်း၌ကျင်းပရာ ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား၊ ကျောင်းသူများ၊ အလုပ်သင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့် အသင်းများအား ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **သန့်ဇော်**

# စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်



ဒီနေ့အချိန်အခါဟာ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်လာတဲ့ အချိန်အခါလည်းဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသားချင်းများ တစ်ဦးချင်းစီရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လဝီရိယ၊ ရိုးသားဖြောင့်မတ်မှုစတဲ့ အရည်အချင်းများ ပိုမိုမြင့်မား၊ ခိုင်မာလာအောင် တည်ဆောက်ရမယ့်အချိန် ဖြစ်ပါတယ်။ ဒါ့အပြင် အချင်းချင်းရိုင်းပင်းကူညီမှု၊ ချစ်ခင်လေးစားမှုများကိုအခြေခံပြီး ငြိမ်းချမ်းရေးကိုအရယူနိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ပါတယ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင် ကျင်းပသော သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန် သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗန်ကောက်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ ရှာရန်ရဲ့စ်ဘူလာတိုဗာ အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် မြန်မာ-ကာဇက်စတန် နှစ်နိုင်ငံဆက်ဆံရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးကဏ္ဍများ အပါအဝင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ ရှာရန်ရဲ့စ်ဘူလာတိုဗာ အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့ ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ လေ့လာရန်အတွက် အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့သည် အိန္ဒိယနိုင်ငံ ပြည်ထောင်စု နယ်မြေဒေသ၏ ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ လေ့လာရန်အတွက် ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အိန္ဒိယနိုင်ငံသို့ မထွက်ခွာမီ တွေ့ရစဉ်။ သတင်းစဉ်

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံရုံးနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးတို့မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြ သည်။

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်မှ တာဝန်ရှိသူများ လိုက်ပါသွားကြပြီး ခရီးစဉ်မှာ ဖေဖော်ဝါရီ ၁၂ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

●*ရှေ့ဖုံးမှ*

ထိုသို့တွေ့ဆုံစဉ် မြန်မာ - ဆွီဒင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် မြန်မာနိုင်ငံ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများအား ကျော်လွှားနိုင်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များတွင် ဆွီဒင်နိုင်ငံမှ ကူညီပံ့ပိုးပေးနိုင်မည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

**သတင်းစဉ်**

## ဦးအောင်မျိုးမြင့်အား အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေး ဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်အား ဂျကာတာမြို့ အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**



**"ဒီမိုကရေစီနိုင်ငံ တည်ဆောက်ခြင်းအားဖြင့် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး တန်းတူညီမျှသည့် အခွင့်အရေးများရရှိကြမည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး စသည်တို့တွင် တရားမျှတသည့်အခွင့်အရေးများ ရှိပါကြောင်း၊ ထို့အတူ တိုင်းရင်းသားများအားလုံး အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေအရ ညီမျှမှုများရှိရမည်ဖြစ်"**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံ မှာကြားစဉ်။ သတင်းစဉ်



*◆ရှေ့ဖုံးမှ*

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများက ရှမ်းရိုးရာကိန္နရီကိန္နရာအကဖြင့် ဟဲဟိုးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက မိမိအနေဖြင့် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ တက်ရောက်ရန် လာရောက်စဉ်တွင် ယခုကဲ့သို့ တွေ့ဆုံအမှာစကား ပြောကြားခွင့်ရသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးရပြီးချိန်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်ပေးခဲ့ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပထမဆုံးသမ္မတမှာ ရှမ်းပြည်နယ်မှ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်မည်ဟု သန္နိဋ္ဌာန်ချမှတ်ထားပါကြောင်း၊ ယင်းကို တာဝန်ရှိသူအားလုံးအနေဖြင့် အလေးအနက် သတိပြုကြစေလိုပါကြောင်း၊ တောင်တန်းမြေပြန့်မခွဲခြားဘဲ ဒီမိုကရေစီအခွင့်အရေးများ ရရှိစေရန် ပင်လုံစာချုပ်တွင်ပါရှိပါကြောင်း၊ နိုင်ငံတော်အစိုးရကလည်း ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်မည်ဟု မူဝါဒထားရှိပါကြောင်း။

**တရားမျှတသည့်အခွင့်အရေးများရှိ**

ဒီမိုကရေစီနိုင်ငံ တည်ဆောက်ခြင်းအားဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး တန်းတူညီမျှသည့် အခွင့်အရေးများရရှိကြမည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး စသည်တို့တွင် တရားမျှတသည့်အခွင့်အရေးများ ရှိပါကြောင်း၊ ထို့အတူ တိုင်းရင်းသားများအားလုံး အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေအရ ညီမျှမှုများရှိရမည် ဖြစ်ပါကြောင်း။

အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကြီး ၃ ရပ်တွင် ပါဝင်တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် တိုင်းရင်းသားများအပေါ် ခွဲခြားဆက်ဆံခြင်းမရှိဘဲ ဘက်လိုက်မှုကင်းပြီး ဥပဒေနှင့်အညီ တရားမျှတသော စီမံဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုမျိုးကို လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ယင်းမှာ ဒီမိုကရေစီ၏ အခြေခံအခွင့်အရေးဖြစ်ပါကြောင်း၊ ဒီမိုကရေစီအခွင့်အရေးရှိမှ လူ့အခွင့်အရေးခံစားခွင့်ရရှိမည်ဖြစ်ပြီး တရားဥပဒေစိုးမိုးမှုရှိမည် ဖြစ်ပါကြောင်း၊ ထို့အတူ လူ့အခွင့်အရေး ချိုးဖောက်ခံရလျှင် ဒီမိုကရေစီအခွင့်အရေး ဆုံးရှုံးမည်ဖြစ်ပြီး တရားဥပဒေမဲ့လာမည်ဖြစ်ပါကြောင်း၊ အလားတူ တရားဥပဒေစိုးမိုးမှုမရှိပါက လူ့အခွင့်အရေးချိုးဖောက်ခံရမည်ဖြစ်ပြီး ဒီမိုကရေစီအခွင့်အရေးလည်း ဆိတ်သုဉ်းသွားမည် ဖြစ်ပါကြောင်း၊ ယင်း ၃ ခုမှာ တစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်နေပါကြောင်း၊ ထို့ကြောင့် မဏ္ဍိုင်ကြီး ၃ ရပ်တွင် တာဝန်ထမ်းဆောင်နေကြသည့် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် အထူးဂရုစိုက်စေလိုပါကြောင်း၊ မိမိတာဝန်ထမ်းဆောင်သည့်ကာလတွင် နိုင်ငံတော်၏မူဝါဒကို အတိအကျမှန်မှန်ကန်ကန် အကောင်အထည်ဖော်ပေးစေလိုပါကြောင်း၊ တိုင်းရင်းသားများ၏ အခက်အခဲကို ဦးစားပေးဖြေရှင်းပေးစေလိုပါကြောင်း။

တိုင်းရင်းသားများအားလုံး ဒီမိုကရေစီအခွင့်အရေးရရှိပြီဆိုလျှင် သံသယများ၊ စိတ်ဝမ်းကွဲပြားမှုများ တဖြည်းဖြည်း လျော့နည်းပပျောက်လာမည် ဖြစ်ပါကြောင်း၊ ထိုသို့ လျော့နည်းပပျောက်လာမှသာလျှင် မိမိတို့ လိုလားတောင့်တနေသည့် ပြည်တွင်းငြိမ်းချမ်းရေးကို ရရှိမည် ဖြစ်ပါကြောင်း။

**ပြုစုပျိုးထောင်နိုင်ရန် အားပေးနေ**

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း ကွဲပြားမှုများကို ပြည်ထောင်စု၏ အလှတရားအဖြစ်ခံယူ၍ အတွေးအခေါ်၊ အယူအဆကွဲပြားမှုများကို ညှိနှိုင်းပေါင်းစပ်ပြီး အင်အားအဖြစ် စုစည်းနိုင်မည်ဆိုပါက မိမိတို့၏ ပြည်ထောင်စုကြီးသည် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကိုမပျောက်ပျက်အောင် ထိန်းသိမ်းရန်၊ ခေတ်နှင့်အညီ မြှင့်တင်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ပြုစုပျိုးထောင်နိုင်ရန် အားပေးနေပါကြောင်း။

**အပြန်အလှန် ညှိနှိုင်းပေါင်းစပ်ရန်လို**

အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးမဏ္ဍိုင်ကြီး ၃ ရပ်သည် နိုင်ငံတော်၏ မူဝါဒဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်လာအောင် အပြန်အလှန် ညှိနှိုင်းပေါင်းစပ်ရန် လိုအပ်ပါကြောင်း၊ မဏ္ဍိုင်ကြီး ၃ ရပ်တွင် တာဝန်ထမ်းဆောင်နေကြသူများသည် တစ်ဦးနှင့်တစ်ဦး ယှဉ်ပြိုင်ဘက်များ မဟုတ်ပါကြောင်း၊ မိတ်ဖက်လုပ်ဖော်ကိုင်ဖက်များသာ ဖြစ်ကြပါကြောင်း။

မိမိပြည်နယ်၊ မိမိဒေသအတွက် အကျိုးရှိမည်ဆိုပါက မည်သူ၏ အတွေးအခေါ်၊ အယူအဆ၊ သဘောထားဖြစ်ဖြစ် ကောင်းမွန်ပါက လက်ခံရမည်ဖြစ်ပါကြောင်း၊ မတူညီသည့် အယူအဆ၊ ကွဲပြားနေသည့် သဘောထားများကို ညှိနှိုင်းပေါင်းစပ်ပြီး မိမိပြည်နယ်၊ မိမိဒေသအတွက် အကျိုးရှိအောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရန် မူဝါဒချမှတ်ထားပါကြောင်း၊ အားလုံးဖွံ့ဖြိုးတိုးတက်မှ အားလုံးတည်ငြိမ်အေးချမ်းမည် ဖြစ်ပါကြောင်း။

ဥပဒေပြုရေးအပိုင်းတွင် မိမိတို့ပြည်နယ်နှင့် ဆီလျော်သည့် ဥပဒေ၊ တည်ဆဲဥပဒေများနှင့် ဆီလျော်ညီညွတ်မှုရှိသည့် ဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သည့် ဥပဒေမျိုးဖြစ်ရန် လိုအပ်ပါကြောင်း၊ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းများဆောင်ရွက်ရာတွင်လည်း လွှတ်တော်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

တရားစီရင်ရေးအပိုင်းတွင်လည်း လွတ်လပ်သည့် တရားစီရင်ခွင့် ပေးအပ်ထားပါကြောင်း၊ တရားစီရင်ရေးအပိုင်းကို အုပ်ချုပ်ရေးအပိုင်းနှင့် ဥပဒေပြုရေးအပိုင်းတို့က ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် လိုအပ်ပါကြောင်း၊ အပြန်အလှန် စောင့်ကြည့်ထိန်းကျောင်းခြင်းကိုသာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် ဝန်ထမ်းများအနေဖြင့် တိုင်းပြည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအတွက် မိမိကိုယ်မိမိ မည်မျှပြောင်းလဲနိုင်သည်ကို ပြန်လည်ဆန်းစစ်သုံးသပ်ရန် လိုအပ်ပါကြောင်း၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများအားလုံးအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် တရားမျှတမှုရှိအောင် ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ တရားမျှတသည့် လူ့အဖွဲ့အစည်း တည်ဆောက်နိုင်မှ ဒီမိုကရေစီတည်တံ့မည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီ တည်တံ့ခိုင်မြဲမှ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဖြစ်ပြီး ငြိမ်းချမ်းရေးရရှိမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရရှိမှ ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေး ပြီးမြောက်အောင်မြင်အောင် မိမိတို့အားလုံးတက်ညီလက်ညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်သွားကြရန် တိုက်တွန်းမေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တရားသူကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေအထောက်အကူပြုအဖွဲ့ဝင်များ၊"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ "ပအိုဝ်း"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် "ဓနု"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ ဦးစီးအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တပ်မတော်ရဟတ်ယာဉ်များဖြင့် အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိကြရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက စီမံကိန်းရှုရပ်၌ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေကို စီမံကိန်းပုံစံငယ်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စီမံကိန်းရှုရပ်မှနေ၍ အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်အတွင်း လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက စီမံကိန်းရှင်းလင်းဆောင်၌ ကျိုင်းတောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဆိုင်ရာ အဓိက အချက်အလက်များ၊ နှစ်အလိုက် ဓာတ်အားထုတ်လုပ်မှု လျာထားချက်နှင့် အမှန်ထုတ်လုပ်နိုင်မှု၊ ကျိုင်းတောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ တစ်ယူနစ်ထုတ်လုပ်မှုကုန်ကျစရိတ်၊ ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံမှ ပတ်ဝန်းကျင် မြို့၊ ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးထားရှိမှု အခြေအနေ၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းဖြစ်ပေါ်လာပုံ၊ စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာခဲ့မှု အခြေအနေ၊ ငွေလုံးငွေရင်း အသုံးစရိတ်၊ ရန်ပုံငွေရရှိသုံးစွဲမှု အခြေအနေ၊ အဓိကဆောင်ရွက်ရမည့် လုပ်ငန်းကြီးများနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်သမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးရာတွင် ဒေသခံများအတွက် ဦးစားပေးဆောင်ရွက်ပေးရန်၊ စီမံကိန်းလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် စံချိန်စံညွှန်းပြည့်မီစေရေး၊ ဘဏ္ဍာငွေအလေအလွင့် မရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း ရေထိန်းတံခါးပွန်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှုသည်။

ဆက်လက်၍ ရေသွယ်ဥမင်လိုဏ်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိကာ လိုဏ်တူးစက်ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှု၍ တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေသည့် ဝန်ထမ်းများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဝန်ထမ်းများအတွက် သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တောင်ကြီးမြို့ရှိ စူဠာမုနိလောကချမ်းသာစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေကျပ်ငါးသိန်းကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်အတွင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်



**လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရာတွင် ဒေသခံများအတွက် ဦးစားပေးဆောင်ရွက်ပေးရန်၊ စီမံကိန်းလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် စံချိန်စံညွှန်းပြည့်မီစေရေး၊ ဘဏ္ဍာငွေအလေအလွင့်မရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြား**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရေသွယ်ဥမင်လိုဏ်တည်ဆောက်ရေးလုပ်ငန်းခွင်၌ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေသည့် ဝန်ထမ်းများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**“ ပြည်ထောင်စုစိတ်ဓာတ် သို့မဟုတ် ပင်လုံစိတ်ဓာတ်ဖြင့် ကျွန်တော်တို့ တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် ပြည်ထောင်စုအတွက် အတူတကွ အုတ်မြစ်ချခဲ့ပြီး လွတ်လပ်ရေးကို အရယူပေးခဲ့ကြပြီး ဖြစ်ပါသည်။ ဤလွတ်လပ်ရေး အစွန့်ရှည်တည်တံ့ခိုင်မြဲရန်၊ တိုင်းရင်းသားခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သော ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရန် ကျွန်တော်တို့ ခေတ်၊ ကျွန်တော်တို့အခါတွင် လည်း ပင်လုံစိတ်ဓာတ်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ် ”**

❑ *ရှေ့ဖုံးမှ*

နယ်ချဲ့တို့သည် လွတ်လပ်ရေးပေးရာတွင် တောင်တန်းဒေသများကို ချန်လှပ်ထားရန် ကြိုးစားခဲ့သည့်အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှမ်းပြည်နယ်မှ ခေါင်းဆောင်များ၊ အခြားတောင်တန်းဒေသများမှ ခေါင်းဆောင်များ ရှမ်းပြည်နယ်၊ ပင်လုံမြို့တွင် တွေ့ဆုံဆွေးနွေးပြီး တောင်တန်း၊ ပြည်မအတူတကွ လွတ်လပ်ရေးရယူလိုကြောင်းကို သဘောတူညီမှုရရှိအောင် ကြိုးပမ်းခဲ့ရပါသည်။

ရှမ်း၊ ကချင်၊ ချင်းတိုင်းရင်းသားခေါင်းဆောင်များသည် မြန်မာပြည်မနှင့်အတူ မနှေးအမြန်ပေါင်း၍ လွတ်လပ်ရေးရယူမည်ဟူသော သဘောတူဆုံးဖြတ်ချက်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ချမှတ်နိုင်ခဲ့ပါသည်။ ထိုသို့ တောင်တန်း၊ ပြည်မ မခွဲခြားဘဲ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးကို အတူတကွရယူရန် ဆုံးဖြတ်နိုင်ခဲ့သော ဖေဖော်ဝါရီလ ၇ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ ယခုဆိုလျှင် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပပြုလုပ်လာခဲ့သည်မှာ (၇၃) နှစ်မြောက် တိုင်ခဲ့ပြီဖြစ်ပါသည်။

လွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း တိုင်းရင်းသားညီအစ်ကိုအချင်းချင်းအကြား စိတ်ဝမ်းကွဲပြားခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားလာခဲ့ရာ ယနေ့ထက်တိုင် အချို့သောဒေသများတွင် သေနတ်သံများ မစဲနိုင်သေးဘဲ ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေဆဲဖြစ်နေရသည်မှာ ဝမ်းနည်းဖွယ်ရာပင် ဖြစ်ပါသည်။ ပြည်ထောင်စုကို အတူတကွ တည်ထောင်ခဲ့ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ မျှော်လင့်ချက် အိပ်မက်များကို အကောင်အထည်ဖော်နိုင်ရန် အမျိုးသားတန်းတူရေး၊ အမျိုးသားညီညွတ်ရေး၊ ဒီမိုကရေစီနှင့် အခြေခံလူ့အခွင့်အရေးများကို အာမခံချက်အပြည့်အဝပေးနိုင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းလာရေးကိုလည်း မျက်ခြည်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုကို အတူတကွ တည်ထောင်ပြုခဲ့ကြသည့် မိမိတို့၏ ဘိုးဘွားမိဘ တိုင်းရင်းသားခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာရေးကို ရည်မှန်းလျက် ယခုအခါ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစု ပင်လုံအစည်းအဝေးများကို ကျင်းပလျက်ရှိရာ တတိယအကြိမ်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူအများအပြားကို သဘောတူညီမှုရရှိထားပြီး ဖြစ်ပါသည်။ ဆက်လက်၍လည်း **“ငြိမ်းချမ်းမှ တည်ငြိမ်၊ တည်ငြိမ်မှ ဖွံ့ဖြိုး၊ ဖွံ့ဖြိုးမှ ခေတ်မီ”** ဆိုသည့်အတိုင်း တောင်တန်း၊ ပြည်မ ခွဲခြားခြင်းမရှိဘဲ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် မိမိတို့အားလုံး ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါသည်။

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများကြားတွင် ၁၉၄၇ ခုနှစ်၌ ပင်လုံမြို့တွင် တည်ဆောက်ခဲ့သော စည်းလုံးညီညွတ်မှုမျိုး၊ နားလည်ယုံကြည်မှုမျိုး ပြန်လည်ရရှိမည်ဟု ကျွန်တော့်အနေဖြင့် အခိုင်အမာ ယုံကြည်ထားပါသည်။ လွန်ခဲ့သော (၇၃) နှစ်၌ ရှမ်းပြည်နယ်၊ ပင်လုံမြို့ကလေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသနိုင်သည့်အတွက် တစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိခဲ့သလို ယနေ့အချိန် အခါတွင်လည်း တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် တစ်နိုင်ငံလုံး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရရှိမည်ဖြစ်ပါသည်။ ပြည်ထောင်စုစိတ်ဓာတ် သို့မဟုတ် ပင်လုံစိတ်ဓာတ်ဖြင့် ကျွန်တော်တို့ တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် ပြည်ထောင်စုအတွက် အတူတကွ အုတ်မြစ်ချခဲ့ပြီး လွတ်လပ်ရေးကို အရယူပေးခဲ့ကြပြီး ဖြစ်ပါသည်။ ဤ လွတ်လပ်ရေး အစွန့်ရှည်တည်တံ့ခိုင်မြဲရန်၊ တိုင်းရင်းသားခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သော ပြည်ထောင်စုကြီးတည်ဆောက်နိုင်ရန် ကျွန်တော်တို့ခေတ်၊ ကျွန်တော်တို့အခါတွင်လည်း ပင်လုံစိတ်ဓာတ်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ပါသည်။

တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ယုံကြည်မှုတို့ကို အခြေခံလျက် သံသယများဖယ်ရှားကာ ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်ကြရမည် ဖြစ်ပါသည်။ တိုင်းရင်းသားများအားလုံး၏ စည်းလုံးညီညွတ်မှုသည် ပြည်ထောင်စုကြီး၏ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက မောင်းနှင်အားဖြစ်ပါသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ သာတူညီမျှခြင်းနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိခြင်းဟူသည့် အနှစ်သာရများဖြင့် ပြည့်ဝသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ရည်မှန်းချက်ပန်းတိုင်ကို မလွဲမသွေ အောင်မြင်စွာရောက်ရှိရေးအတွက် စည်းလုံးညီညွတ်စွာ ပူးပေါင်းလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အိန္ဒိယသမ္မတနိုင်ငံတွင် ကျင်းပသည့် (၁၁)ကြိမ်မြောက် ကာကွယ်ရေးပစ္စည်းများပြပွဲသို့ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

အိန္ဒိယသမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းတွင် (၁၁)ကြိမ်မြောက် ကာကွယ်ရေးပစ္စည်းများ ပြပွဲအခမ်းအနား (DefExpo India– 2020) ပြုလုပ်သည့် Inaugural Hangar၊ Expo Venue သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းပြသ**

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် DefExpo India–2020 ပြပွဲဧရိယာအတွင်းရှိ India Pavilion & UP Pavilion တွင် ခင်းကျင်းပြသထားသည့် ကာကွယ်ရေးစစ်လက်နက်ပစ္စည်း များအား ကြည့်ရှုခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် DefExpo India–2020 ဧရိယာရှိ အိန္ဒိယလေတပ်၏ ယာယီဧည့်ခန်းဆောင်၌ အိန္ဒိယလေတပ်ဦးစီးချုပ် Air Chief Marshal Rakesh Kumar Singh Bhadauria နှင့် တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက် ခိုင်မာလာစေရေးအတွက် မြှင့်တင်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ နှစ်စဉ်လေတပ်နှစ်ရပ်အကြား ကျင်းပပြုလုပ်လျက်ရှိသည့် အစည်းအဝေးများတွင် ဆွေးနွေးသဘောတူညီထားသည့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် လေတပ်နှစ်ရပ်အကြားတွင် ကျွမ်းကျင်ပညာရှင်အဆင့် အပြန်အလှန်အတွေ့အကြုံနှင့် ဗဟုသုတများ ဖလှယ်မည့်အစီအစဉ်အား ပိုမိုမြှင့်တင်ဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တွေ့ဆုံ ဆွေးနွေး**

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) သည် DefExpo India–2020 ဧရိယာရှိ အိန္ဒိယကြည်းတပ်၏ ဧည့်ခန်းဆောင် အစည်းအဝေးခန်း၌ အိန္ဒိယကြည်းတပ်ဦးစီးချုပ် General Manoj Mukund Naravanane နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် မြန်မာ့တပ်မတော် (ကြည်း)နှင့် အိန္ဒိယကြည်းတပ်တို့အကြားတွင် ရှိရင်းစွဲ ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေးကိစ္စရပ်များနှင့် ကြည်းတပ်နှစ်ရပ်အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရသိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပသော Illicit Trade Forum သို့ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဖေဖော်ဝါရီ ၃ ရက်မှ ၄ ရက်အထိ United Nations Conference on Trade and Development (UNCTAD) နှင့် Transnational Alliance to Combat Illicit Trade (TRACIT) မှ ပူးပေါင်းကြီးမှူးပြီး ကျင်းပသည့် Illicit Trade Forum သို့ တက်ရောက်သည်။

ဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီတွင် ဂျီနီဗာမြို့ ကုလသမဂ္ဂအဆောက်အဦအတွင်းရှိ Room XXVI, Palais des Nations ၌ ကျင်းပခဲ့ရာ Dr. Mukhisa Kituyi, Secretary General of UNCTAD၊ Mr. Jeffey Hardy, Director General, Transnational Alliance to Combat Illicit Trade (TRACIT) တို့နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်ပြီး Keynote Speech ပြောကြားသည်။ ညနေပိုင်းတွင် ဖိုရမ်အား ပူးတွဲကျင်းပခဲ့သည့် UNCTAD နှင့် TRACIT တို့က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါဖိုရမ်သို့ ဂျီနီဗာအခြေစိုက်ကုလသမဂ္ဂဆိုင်ရာအဖွဲ့ရုံးများမှ အမြဲတမ်းကိုယ်စားလှယ်/ သံအမတ်ကြီးများ၊ နိုင်ငံပေါင်း ၅၀ ကျော်မှ ဖိတ်ကြားထားသော အဆင့်မြင့်အစိုးရကိုယ်စားလှယ်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဖေဖော်ဝါရီ ၄ ရက်နံနက်ပိုင်းတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်/ သံအမတ်ကြီး ဦးကျော်မိုးထွန်းနှင့်အတူ International Trade Center (ITC) မှ Executive Director ad interim ဖြစ်သူ Ms. Dorothy Ng’ ambi Tembo နှင့် တာဝန်ရှိသူများအား တွေ့ဆုံခဲ့ကြရာ မြန်မာနိုင်ငံမှ International Trade Center နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ၏ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Enhanced Integrated Framework(EIF) အတွင်းရေးမှူးအဖွဲ့မှ Deputy Executive Director ဖြစ်သူ Ms. Ssemuwemba နှင့် Mr. Simon Hess တို့အား ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ်/ သံအမတ်ကြီးနှင့်အတူ လက်ခံတွေ့ဆုံသည်။ တွေ့ဆုံစဉ် မြန်မာနိုင်ငံမှ EIF အစီအစဉ်အရ ဆောင်ရွက်လျက်ရှိသော Myanmar Services Trade Enhancement Project (MSTEP) ဆိုင်ရာ တိုးတက်မှုအခြေအနေများနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ Trade Policy Review Division ၏ အကြီးအမှူး Mr. Willy Alfaro၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်သံမှူးများဖြစ်သော Mr. Hayafuji Masahiro နှင့် Mr. Usman Ali Khilji တို့အား ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးတွင် လက်ခံတွေ့ဆုံခဲ့ပြီး ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် ကျင်းပရန်ရှိသည့် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်မြောက် ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်း (Myanmar’s Second Trade Policy Review) အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀နာရီက နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်အား ခန့်အပ်တာဝန်ပေးလိုခြင်းနှင့်** စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ အဆိုပြုတင်ပြလာသည့် ပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ခန့်အပ်ရန် သဘောတူကြောင်း ကြေညာခြင်း (သို့မဟုတ်) ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်း အစီအစဉ်ကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် ကျင်းပပြုလုပ်မည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရန် လျာထားပါကြောင်း၊ နိုင်ငံတော်သမ္မတက ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်လိုကြောင်း အဆိုပြုတင်ပြထားသည့် ပုဂ္ဂိုလ်အား ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့နိုင်ကြောင်း အသိပေးကြေညာသည်။

ယင်းနောက် **အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာကာလ (၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်မှ အောက်တိုဘာလ ၉ ရက်အထိ) လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## အောင်မြင်စွာ တည်ဆောက်နိုင်မည်

**ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်**က ပညာရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသော ဆရာ၊ ဆရာမများ အရည်အသွေးပြည့်ဝပြီး အတွေးသစ်၊ အမြင်သစ်၊ ကျွမ်းကျင်မှုအသစ်များဖြင့် အနာဂတ်မျိုးဆက်သစ် ကျောင်းသား၊ လူငယ်များကို ပြုစုပျိုးထောင်ပေးနိုင်ရန် အဓိကဦးစားပေးဆောင်ရွက်သင့်ပါကြောင်းနှင့် သင်ကြားရေးလုပ်ငန်းများတွင် သာမက ဘဝနှင့်ဆီလျော်သော လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသင့်ပါကြောင်း၊ ထို့ပြင် အခြေခံပညာကဏ္ဍတစ်ခုလုံးအတွက် အရည်အသွေးအာမခံမှုအစီအစဉ် အကောင်အထည်ဖော်ရာတွင် လူသားအရင်းအမြစ်လိုအပ်မှု၊ ဘဏ္ဍာငွေလိုအပ်မှု၊ ရုပ်ဝတ္ထုပစ္စည်းလိုအပ်မှု၊ ပြည့်စုံမှန်ကန်သော သတင်းအချက်အလက်များ ရရှိမှုများကို ဖြည့်ဆည်းပေးနိုင်မှသာ ထိရောက်သော အရည်အသွေးအာမခံမှုစနစ် ကောင်းမွန်အောင်မြင်စွာ တည်ဆောက်နိုင်မည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦး** က ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှု အောင်မြင်စေရန်အတွက် အရည်အသွေးပြည့်မီသည့် ဆရာအရေအတွက်သည် ကျောင်းသား အချိုးနှင့် သင့်တင့်မျှတစွာ ရှိရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သင်ထောက်ကူပစ္စည်းများနှင့် စာသင်ဆောင်၊ စာသင်ခန်းများ လုံလောက်စွာ ရှိရမည်ဖြစ်ပါကြောင်း၊ ထိုမှသာ သင်ယူတတ်မြောက်မှု ကောင်းမွန်ပြီး ကျောင်းသားမိဘများနှင့် ပြည်သူလူထု၏ ယုံကြည်မှုရရှိလာမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ယုံကြည်မှသာ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည့်အပြင် ပြည်သူပူးပေါင်းမှု အားကောင်းမှလည်း စနစ်သစ်ပညာရေးပြောင်းလဲမှု အရှိန်မြန်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆရာလိုအပ်ချက် ကျဉ်းမြောင်းသွားစေရန် ပညာရေးမူဝါဒကော်မရှင်၏ အကြံပြုချက်အတိုင်း ဆရာသစ်လွင်များ မွေးထုတ်နိုင်ရေးကို နည်းလမ်းပေါင်းစုံ စဉ်းစားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးကျော်မြင့်ဦး**က နိုင်ငံအတွက် လူသားအရင်းအမြစ်ကို မွေးထုတ်ပေးနိုင်မည့်အရာသည် ပညာရေးကဏ္ဍပင်ဖြစ်သည့်အတွက် ပညာရေးစနစ်သည် မူဝါဒပြတ်သားရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အဆင့်တိုးကျောင်းများကို မူဝါဒတစ်ခုချမှတ်ပြီး ရပ်သင့်ပါက ရပ်ထားရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပညာရေးကို ကိုင်တွယ်သည့် မြို့နယ်အဆင့် ပညာရေးမှူးများကို ပင်စင်နားနီးသူများကို ခန့်အပ်မည့်အစား ငယ်ရွယ်သည့် ပညာရေးမှူးများနှင့် အစားထိုးပြီး ပညာရေးကို အကောင်အထည်ဖော်သင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်းနှင့် လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီတို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ **၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ငွေကြေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ချက်အစီရင်ခံစာနှင့် ငွေရေးကြေးရေး တည်ငြိမ်မှု အခြေအနေအစီရင်ခံစာ**တို့နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## သတင်းအချက်အလက်များ ပါဝင်မှုအားနည်းနေ

**ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်** က အစီရင်ခံစာတွင် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များ သိရှိလိုသည့် အနှစ်သာရရှိပြီး သုံးသပ်နိုင်သည့် သတင်းအချက်အလက်များ ပါဝင်မှုအားနည်းနေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် ပြည်သူများသိရှိရမည့် သတင်းအချက်အလက်၊ သုံးသပ်ချက်များကို နောက်ပိုင်း အစီရင်ခံစာများတွင် ပြည့်စုံစွာ တင်ပြပေးစေလိုပါကြောင်း၊ ငွေရေးကြေးရေး ကဏ္ဍသည် မိမိတို့နိုင်ငံ၏ စီးပွားရေးတွင် အသက်သွေးကြောဖြစ်ပါကြောင်း၊ အဓိကအားဖြင့် ဘဏ်လုပ်ငန်းများသည် အရေးပါသည့်ဆန်းစစ်မှုများ၊ ဆုံးရှုံးနိုင်ခြေ ဆန်းစစ်မှုများအပေါ်တွင် မည်သို့ဆောင်ရွက်သွားသည်ကို အစီရင်ခံစာ ဖတ်ရှုလိုက်ပါက ရှင်းလင်းစွာ သိရှိရမည်ဖြစ်ပါကြောင်း၊ သို့သော် ယခုအချိန်တွင် ယင်းသို့အနေအထားမျိုး မရရှိသေးပါကြောင်း ဆွေးနွေးသည်။

## ရပိုင်ခွင့်များ အားကောင်းခိုင်မာရန် လိုအပ်

**လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချို**က ငွေရေးကြေးရေးတည်ငြိမ်မှုအနေဖြင့် နိုင်ငံပိုင်ဘဏ် လေးခုအပါအဝင် နိုင်ငံသားများပိုင် ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ်ခွဲများနှင့် ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းပေါင်း ၆၀၄ ခုရှိပြီး နိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍများအတွက် ဆောင်ရွက်ပေးနေသည်ကို သိရှိရပါကြောင်း၊ ၆ လတာကာလအတွင်း နိုင်ငံပိုင်ဘဏ်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍအတွက် ချေးငွေများ ပိုမိုထုတ်ချေး၍ ပုဂ္ဂလိကဘဏ်များအနေဖြင့် ကုန်သွယ်မှုကဏ္ဍအတွက် အများဆုံးချေးငွေများ ထုတ်ချေးသည်ကို သိရပါကြောင်း၊ ထို့ကြောင့် ဘဏ်များ ရေရှည်ရပ်တည်နိုင်ရန်အတွက် အရင်းအနှီး၊ ရပိုင်ခွင့်များ အားကောင်းခိုင်မာရန်လည်း လိုအပ်ပါကြောင်း၊ သို့ပါ၍ နိုင်ငံ၏ ငွေကြေးတည်ငြိမ် ခိုင်မာရေး၊ ငွေဖောင်းပွမှု အနည်းဆုံးဖြစ်လာစေရေးနှင့် ဘဏ်စနစ်ပိုမိုအားကောင်းခိုင်မာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာနိုင်ရန်အတွက် ဘက်စုံချင့်ချိန်စဉ်းစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ယင်းအစီရင်ခံစာတို့နှင့် စပ်လျဉ်း၍ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီး မြင့်ဟန်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇေဖြိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ ဦးသန်းစိုး (ခေါ်) သန်းစိုး(ဘောဂဗေဒ)နှင့် မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဖေဖော်ဝါရီ ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**
**ဓာတ်ပုံ – စိုးဝင်းထွန်း**



# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထူးကိုယ်စားလှယ် သံအမတ်ကြီး Mr. Kent Harstedt အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထူးကိုယ်စားလှယ် သံအမတ်ကြီး Mr. Kent Harstedt အား ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-ဆွီဒင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များတွင် ဆွီဒင်နိုင်ငံအနေဖြင့် အပြုသဘော ကူညီပံ့ပိုးပေးသွားရေး၊ မြန်မာ-ဆွီဒင် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ (၂၀၁၈-၂၀၂၂)အရ ဆွီဒင်နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (SIDA) မှ မြန်မာနိုင်ငံအား အကူအညီပေးအပ်နေမှု အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလတွင် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများအား ကျော်လွှားနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများတွင် ဆွီဒင်နိုင်ငံမှ ကူညီပံ့ပိုးနိုင်မည့် အခန်းကဏ္ဍများနှင့်ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**





❖ *ကျောဖုံးမှ*

ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံ၌ ပိုမို ရင်းနှီးမြှုပ်နှံနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ကိုရီးယားသမ္မတ နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး နေအိမ်သို့ရောက်ရှိပြီး ကိုရီးယားသမ္မတ နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကိုရီးယား စစ်သင်္ချိုင်း ပြတိုက်အတွင်း လှည့်လည်ကြည့်ရှု လေ့လာစဉ်။ သတင်းစဉ်

# 2019 Novel Coronavirus ကြောင့် ဖြစ်ပွားသော လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ် ညှိနှိုင်းအစည်းအဝေး(၁၀/၂၀၂၀) ကျင်းပ

## ဝူဟန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား ပညာသင် ၅၉ ဦး၏ ကျန်းမာရေးအခြေအနေကောင်းမွန်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပခဲ့သည့် 2019 Novel Coronavirus ကြောင့် ဖြစ်ပွားသော လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ စောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ် ညှိနှိုင်းအစည်းအဝေး (၁၀/၂၀၂၀) သို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားရာတွင် ယခု အစည်းအဝေးမှတစ်ဆင့် ပြည်သူများကို ခြုံငုံသုံးသပ်၍ အသိပေးပြောကြားလိုသည်မှာ 2019-nCoV လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားပျံ့နှံ့မှုနှုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နေ့စဉ်ရက်ဆက် ပိုမိုမြင့်မားနေပြီး ဇန်နဝါရီ ၃၁ ရက်တွင် လူနာသစ်တွေ့ရှိမှုမှာ တစ်ရက်လျှင် ၂၀၀၀ ခန့် ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၅ ရက်တွင် ၄၀၀၀ ခန့်အထိ မြင့်တက်လာခဲ့ပါကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်း ထုတ်ပြန်ချက်များအရ ရောဂါဖြစ်ပွားသူများ၏ ၉၉ ရာခိုင်နှုန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဖြစ်ပြီး အခြားနိုင်ငံ ၂၄ နိုင်ငံတွင်လည်း ကူးစက်ဖြစ်ပွားမှုရှိပါကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ရောဂါဖြစ်ပွားသူပေါင်း ၂၈၂၇၆ ဦးရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ၂၈၀၆၀ ဖြစ်ပါကြောင်း၊ ခါတ်ခွဲအတည်ပြု လူနာများအနက် သေဆုံးမှုရာနှုန်းမှာ ၂ ရာခိုင်နှုန်းဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် အဆိုပါရောဂါဖြင့် သေဆုံးသူ ၅၆၅ ဦး ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပတွင် ဓာတ်ခွဲအတည်ပြု ရောဂါဖြစ်ပွားသူအနေဖြင့် ဂျပန်နိုင်ငံတွင် ၃၃ ဦးရှိပြီး မိမိတို့ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံတွင် ၂၅ ဦး၊ စင်ကာပူနိုင်ငံ၌ ၂၄ ဦး၊ ဗီယက်နမ်နိုင်ငံတွင် ၁၀ ဦး တွေ့ရှိနေရပါကြောင်း။

### အခြားကူးစက်မြန်ရောဂါများထက် မြင့်မားနေသည်ကို တွေ့ရှိရ

ယခု ရောဂါဖြစ်ပွားမှု ဖြစ်စဉ်များကို ကပ်ရောဂါဗေဒရှုထောင့်နှင့် ပြည်သူ့ကျန်းမာရေးပညာရှုထောင့်တို့မှ သုံးသပ်ပါက ဤကပ်ရောဂါဖြစ်ပွားမှုအခြေအနေများသည် ပိုမိုမြင့်တက်လာနိုင်သည့် အလားအလာများ ရှိနေပါကြောင်း၊ ရောဂါ၏ ဖြစ်ပေါ်ပြောင်းလဲမှု သဘောသဘာဝဖြစ်စဉ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆက်လက်လေ့လာလျက်ရှိပြီး တွေ့ရှိချက်များကို ၎င်းတို့၏ အင်တာနက်စာမျက်နှာတွင် ထုတ်ပြန်ပေးလျက်ရှိကာ မိမိတို့ဝန်ကြီးဌာနမှလည်း ပြည်သူများထံသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးလျက်ရှိပါကြောင်း၊ ကွန်ပျူတာဖြင့် မျှော်မှန်းတွက်ချက်ခြင်း လုပ်ဆောင်ရာ၌ ဤရောဂါဖြစ်ပွားသူ တစ်ဦးထံမှ အခြား ဖြစ်ပွားနိုင်ခြေရှိသူများထံ ကူးစက်ပျံ့နှံ့နိုင်မှု အခြေခံနှုန်း (အာရ်သုည)တန်ဖိုးသည် အခြားကူးစက်မြန်ရောဂါများထက် မြင့်မားနေသည်ကို တွေ့ရှိရပါကြောင်း။

ယခု ဖြစ်ပွားလျက်ရှိသော ရောဂါအခြေအနေများကို သုံးသပ်ချက်အရ ရောဂါပိုးသည် လူတစ်ဦးမှ တစ်ဦးထံသို့ ကူးစက်နိုင်ခြင်းမှာ သေချာနေပြီဖြစ်သဖြင့် မိမိတို့အနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်မှု လုပ်ငန်းများကို အရှိန်(လုံးဝ)မလျှော့ဘဲ ဆက်လက်ဆောင်ရွက်လျက် ရှိပါကြောင်း၊ အထူးသဖြင့် သံသယရောဂါ လက္ခဏာရှိသူ လူနာများအား စောစီးစွာထောက်လှမ်းခြင်း၊ သံသယလူနာနှင့် စောင့်ကြည့်လူနာများအား အခြားသူများနှင့် မထိတွေ့စေဘဲ သီးခြားခန်းတွင် ထားရှိကုသမှုပေးခြင်းနှင့် သံသယလူနာ/လူနာနှင့် အနီးကပ် ထိတွေ့ဆက်ဆံဖူးသူများကို ထောက်လှမ်း၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းတို့ကို ဆက်လက်ပြီး ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရောဂါပိုးစတင်ကူးစက်ခံရချိန်မှ ရောဂါလက္ခဏာများ စတင်ပြသသည့် ကြားကာလ (ရောဂါပျိုးချိန်သည်) အနည်းဆုံး (၂)ရက်မှ အများဆုံး (၁၀)ရက်အထိရှိသည် ဖြစ်၍ မိမိတို့နိုင်ငံတွင်းသို့ ဝင်ရောက်လာသူများသည် ရောဂါပျိုးချိန် အတွင်းဖြစ်၍ ရောဂါလက္ခဏာ မပြသေးသူများ မိမိတို့ပတ်ဝန်းကျင်၌ ရှိနေနိုင်ပါကြောင်း။



2019 Novel Coronavirus ကြောင့် ဖြစ်ပွားသော လတ်တလော အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နေ့စဉ် ညှိနှိုင်းအစည်းအဝေး (၁၀/၂၀၂၀) ကျင်းပစဉ်။ သတင်းစဉ်

ပြည်သူများအနေဖြင့် မိမိတို့၏ ပတ်ဝန်းကျင်တွင် ရောဂါဖြစ်ပွားသည့် နိုင်ငံများမှ လာရောက်သည့် သံသယရောဂါ လက္ခဏာရှိသူများကို တွေ့ရှိရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းအသိပေး အကြောင်းကြားရန် ဖြစ်ပါကြောင်း၊ အလားတူ ဟိုတယ်နှင့် တည်းခိုခန်းဝန်ထမ်းများ အနေဖြင့်လည်း ထိုသို့ သံသယရောဂါ လက္ခဏာရှိသူများကို တွေ့ရှိရပါက မဆိုင်းမတွဘဲ နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်း အသိပေးအကြောင်းကြားရမည် ဖြစ်ပါကြောင်း၊ ဤကဲ့သို့ပြုလုပ်ပါက ရောဂါသံသယရှိသူများမှတစ်ဆင့် အခြားသူများထံ ကူးစက်မှုနှုန်းကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

### ကျန်းမာရေးအသိပညာအချက်အလက် ပိုစတာများ မျှဝေ

ကျန်းမာရေးဌာနများကလည်း ထိုသို့ သတင်းပေးပို့မှုအပေါ် ချက်ချင်းတုံ့ပြန်ဆောင်ရွက်ရန် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊ ရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးအသိပညာ အချက်အလက်များကို လူစည်ကားရာဈေးများ၊ ဘတ်စ်ကားဂိတ်များ၊ ဘတ်စ်ကားများ၊ ဟိုတယ်နှင့် တည်းခိုခန်းများ၊ နိုင်ငံတကာခရီးသွားများ လည်ပတ်ရာနေရာ (tourist attraction site)များ၊ စားသောက်ဆိုင်များ၊ ကျောင်းများ၊ ရုံးများတွင် ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဖြန့်ဝေလျက်ရှိပါကြောင်း၊ ပြည်သူများကလည်း ဤကျန်းမာရေးအသိပညာ အချက်အလက် ပိုစတာများကိုလည်း ဖတ်ရှု၍ ပါရှိသည့် အချက်အလက်များကို မိမိ၏ မိသားစုနှင့် မိတ်ဆွေအပေါင်းအသင်းများကိုလည်း ဝေမျှပေးစေလိုပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍လည်း ရုပ်မြင်သံကြားနှင့် အထူးသဖြင့် တိုင်းရင်းသားဘာသာ ရေဒီယိုများ၌လည်း ထုတ်လွှင့်ပေးရန် ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်နေမှု၊ နီးနွယ်ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအား ပြည့်စုံမှန်ကန်သည့် ကျန်းမာရေးအသိပညာ အချက်အလက်များနှင့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ ပေးအပ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း။

ပြည်သူများအနေဖြင့် ကောလာဟလ သတင်းမှားများကို မှန်ကန်သည့် သတင်းရင်းမြစ်များမှ သတင်းအချက်အလက်များနှင့် ချိန်ထိုးစိစစ်ပြီးမှ ယုံကြည်ကြစေလိုပါကြောင်း၊ မမှန်ကန်သည့်၊ မသေချာသည့် သတင်းများကို လူမှုရေးကွန်ရက်များမှ ဆက်လက်မဖြန့်ဝေပါရန် မေတ္တာရပ်ခံပါကြောင်း၊ လူစုလူဝေးများပြားသည့် ပွဲလမ်းသဘင်များတွင် ရောဂါပိုမို ကူးစက်ပြန့်ပွားနိုင်သည်ဖြစ်၍ ပွဲလမ်းသဘင်များကို ယခုကာလအတွင်း လိုအပ်မှသာ ကျင်းပခြင်းနှင့် တတ်နိုင်သမျှ လျှော့ချခြင်းဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုများကို ကာကွယ်လျှော့ချနိုင်မည် ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် လူစုလူဝေးနေရာများကို မလိုအပ်ဘဲ သွားရောက်ခြင်းမှ ရှောင်ကြဉ်ကြစေလိုပါကြောင်း။

### လူနာများအားလုံး ကျန်းမာရေး အခြေအနေကောင်းမွန်

ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည့် ပါးစပ်နှင့်နှာခေါင်းစည်း စနစ်တကျ အသုံးပြုမှု၊ လက်ကို စင်ကြယ်စွာဆေးကြောမှု၊ နှာချေ၊ ချောင်းဆိုးလျှင် လိုက်နာရမည့်ကျင့်ဝတ်များ စသည့် ကျန်းမာရေးအသိပညာအချက်အလက်များကို တိကျစွာလိုက်နာကျင့်သုံးပါက မိမိတို့နိုင်ငံတွင် ရောဂါဖြစ်ပွားမှုများကို ကောင်းစွာထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့သော ကျန်းမာရေးအသိပညာ အချက်အလက်များကို ပြုစု၍ ပြည်သူများထံ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ဟူပေပြည်နယ်၊ ဝူဟန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသား ပညာသင် ၅၉ ဦး၏ ကျန်းမာရေးအခြေအနေသည်(ယနေ့ နံနက်ပိုင်း စစ်ဆေးချက်များအရ) ကောင်းမွန်ပါကြောင်း၊ သက်ဆိုင်ရာဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှု ကုသမှုခံယူနေသည့် သံသယလူနာများအပါအဝင် လူနာများအားလုံး ကျန်းမာရေးအခြေအနေကောင်းမွန်ပါကြောင်း၊ ရည်ညွှန်းဓာတ်ခွဲခန်းသို့လူနာ ၁၀ ဦး၏ ဓာတ်ခွဲနမူနာများကို ပေးပို့၍ စစ်ဆေးခဲ့ရာ ငါးဦးတွင် ရောဂါပိုးမရှိကြောင်း တွေ့ရှိရ၍ ဆေးရုံမှ ဆင်းခွင့်ရပြီဖြစ်ပါကြောင်း၊ ကျန်လူနာများ၏ ဓာတ်ခွဲအဖြေများ မရရှိသေးပါကြောင်း။

## အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဇန်နဝါရီ ၃၀ ရက်၌ ယခု ရောဂါကူးစက်ပြန့်ပွားမှုဖြစ်စဉ်ကို "အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ"အဖြစ် ကြေညာခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများမှ ဆောင်ရွက်ရန် ပေးအပ်ခဲ့သည့် အကြံပြုချက်များကို မိမိတို့နိုင်ငံအနေဖြင့် ၎င်းကြေညာချက် မကြေညာခင် ဇန်နဝါရီ ၅ ရက်ကတည်းကပင် အဆိုပါအကြံပြုချက်တွင် ပါဝင်သော လုပ်ငန်းများဖြစ်သည့် - ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခြင်း၊ သံသယလူနာများအား စောစီးစွာထောက်လှမ်းခြင်း၊ သံသယလူနာ/အတည်ပြု လူနာများအား အခြားသူများနှင့် မထိတွေ့စေဘဲ သီးခြားခန်းတွင် ထားရှိကုသမှုပေးခြင်း၊ သံသယ လူနာ/လူနာနှင့် အနီးကပ်ထိတွေ့ဆက်ဆံဖူးသူများကို ထောက်လှမ်း၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါထပ်မံပျံ့နှံ့မှုကို ကာကွယ်ထိန်းချုပ်ခြင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် သတင်းအချက်အလက်များ အပြန်အလှန်ဝေမျှခြင်းတို့ကို လုပ်ဆောင်နေခဲ့ပြီးဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ်များတွင် အသစ်ဆောက်လုပ်ပြီးစီးပြီး လူနာများထားရှိခြင်း မရှိသေးသော ကျန်းမာရေး အဆောက်အဦနှင့် လူနာဆောင်သစ် ၂၅ ခုတွင် စောင့်ကြပ် ကြည့်ရှု လူနာများထားရှိနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန် ညွှန်ကြားထားရှိပြီးဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနမှ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများထံသို့ တိကျပြတ်သားသော ရောဂါကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လာရောက်သူများကို ဆိုက်ရောက်ဗီဇာထုတ်ပေးမှု ဆိုင်းငံ့ရပ်ဆိုင်းထားသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လေကြောင်းခရီးဖြင့် လာရောက်သူမှာ ဇန်နဝါရီ ၃၁ ရက်အထိ နေ့စဉ်ပျမ်းမျှ ၂၃၀၀ ခန့်ရှိခဲ့ရာမှ ယမန်နေ့တွင် ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တို့သို့ လာရောက်သူ ၃၂၃ ဦးအထိ သိသာစွာ နည်းပါးသွားပါကြောင်း၊ ၎င်း ၃၂၃ ဦး တည်းခိုမည့် ဟိုတယ်နှင့် တည်းခိုခန်းများသို့လည်း အကြောင်းကြား ချိတ်ဆက်ထားပြီးဖြစ်ပါကြောင်း။

## ဆေးပစ္စည်းပံ့ပိုးပေးရေး မြန်မာနိုင်ငံကို ဦးစားပေးနိုင်ငံအဖြစ် သတ်မှတ်ထား

နှစ်နိုင်ငံ နယ်မြေချင်းထိစပ်မှုမှာ ၁၃၀၀ မိုင်ခန့် ရှည်လျားပြီး ကုန်းလမ်းကြောင်းများရှိ တရားဝင် ဝင်၊ ထွက်ပေါက်များအပြင် တရားမဝင် ဝင်ထွက်ပေါက်များမှပါ ဝင်ရောက်နေမှုများရှိနေသည့်အချက်သည် မိမိတို့နိုင်ငံအတွက် အရေးကြီးသည့်အချက် ဖြစ်ပါကြောင်း၊ တရားဝင် ဝင်၊ ထွက်ပေါက်များ၌ မိမိတို့ဝန်ထမ်းများသည် နီးနွယ်ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ပူးပေါင်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရောဂါစောင့်ကြပ်ကြည့်ရှုနေပါကြောင်း၊ ဤ ဝင်၊ ထွက်ပေါက်များမှ ဝင်ရောက်မှုသည် လေကြောင်းခရီး ဖြင့် ဝင်ရောက်မှုထက် အဆများစွာများပြားသဖြင့် မိမိတို့အနေဖြင့် နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍လည်းကောင်း၊ နယ်မြေခံ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်းကောင်း ဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့်လည်း မြန်မာနိုင်ငံ၏ ရောဂါကူးစက်ပြန့်ပွားနိုင်ခြေကို မှန်းဆရာတွင် အဆိုပါအချက်ကို ထည့်သွင်းစဉ်းစား၍ ဆေးနှင့် ဆေးပစ္စည်း၊ ဓာတ်ခွဲပစ္စည်း စသည်တို့ကို ပံ့ပိုးပေးရေးကိစ္စ၌ မြန်မာနိုင်ငံကို ဦးစားပေးနိုင်ငံအဖြစ် သတ်မှတ်ထားရှိဆောင်ရွက်ရန် အကြောင်းကြားထားပြီးဖြစ်ပါကြောင်း။

ဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် မည်သည့်အဖွဲ့အစည်းမှ အကြံပြုချက်များကိုမဆို မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေ အရပ်ရပ်နှင့် ချိန်ထိုးပြီး စဉ်းစားသုံးသပ်၍ ဆုံးဖြတ်ချက်များ ချမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူ့ကျန်းမာရေးရှုထောင့်၊ ကပ်ရောဂါဗေဒရှုထောင့်၊ ဓာတ်ခွဲစမ်းသပ်မှုဆိုင်ရာရှုထောင့်၊ ကုသရေးဆိုင်ရာရှုထောင့် စသည့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာရှုထောင့်များအပြင် ပထဝီအနေအထား၊ ဒေသတွင်းရောဂါ ကူးစက်ပြန့်ပွားမှု၊ လူမှုရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာမှု စသည့် အခြေအနေအရပ်ရပ်ကို ဘက်စုံထည့်သွင်းစဉ်းစား၍ ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများနှင့်အညီ တုံ့ပြန်ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေးမထိခိုက်စေရေးအတွက်ကိုလည်း အလေးထားထည့်သွင်းစဉ်းစားမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို အချင်းချင်း အပြန်အလှန်အသိပေးဝေမျှရန် ပြောကြားထားပြီး ဆက်သွယ်ရေးကွန်ရက်များမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်နေပါကြောင်း၊ ထို့အပြင် တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုမှ ဆောင်ရွက်မှု နမူနာကောင်းများကို အခြား တိုင်းဒေသကြီး/ ပြည်နယ်များမှ မိမိတို့ နေရာဒေသနှင့် သင့်တော်ကိုက်ညီစွာ အသုံးပြုရန် ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် နီးနွယ်ဌာနများ ပါဝင်သော အဖွဲ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များမှ ဖွဲ့စည်းဆောင်ရွက်နေသည်ကို တွေ့ရှိနေရခြင်းသည် ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှု သာဓကများပင် ဖြစ်ပါကြောင်း။

## မှတ်တမ်းပြုစုကာ စုစည်းထားလျက်ရှိ

ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းဆောင်ရွက်မှုများအားလုံးကို ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ် အဆင့်များအားလုံးတွင် နောင်ဖြစ်ပေါ်လာမည့် ကိစ္စရပ်များတွင် အသုံးပြုရန်နှင့် ပြည်သူ့ကျန်းမာရေး မဟာသိပ္ပံသင်တန်းများတွင် သင်ကြားနိုင်ရန် မှတ်တမ်းပြုစုကာ စုစည်းထားလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနမှ အတွေ့အကြုံမြင့်မားသော ပညာရှင်များအနေဖြင့်လည်း မျိုးဆက်သစ်ပညာရှင်များ၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နှင့် အခြေခံကျန်းမာရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများကိုလည်း လက်တွေ့လုပ်ငန်း အတွေ့အကြုံများရရှိစေရန် လက်တွဲခေါ်ဆောင်၍ ဤရောဂါကို ကာကွယ်ထိန်းချုပ်သည့် လုပ်ငန်းများ၌ ပါဝင်လုပ်ဆောင်စေလျက်ရှိပါကြောင်း။

မိမိတို့ဝန်ကြီးဌာနမှ မျိုးဆက်သစ်ပညာရှင်များအနေဖြင့် ဤရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် များစွာသော အတွေ့အကြုံများ ရရှိလျက်ရှိသည်ကိုလည်း ပြောကြားလိုပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နေ့စဉ်လုပ်ဆောင်နေသော ရောဂါကာကွယ်ထိန်းချုပ်ရေး အစည်းအဝေးနှင့် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတွင် လုပ်ဆောင်နေသောလုပ်ငန်းများကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ (www.mohs.gov.mm) နှင့် လူမှုကွန်ရက်စာမျက်နှာများတွင် ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ အဆိုပါ သတင်းအချက်အလက်များကို ပြည်သူများမှ ဝင်ရောက်ဖတ်ရှုကြခြင်းဖြင့် လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများကို သိရှိနိုင်မည် ဖြစ်ပါကြောင်း။

## ပြည်သူတစ်ရပ်လုံးအကျိုးအတွက် ဆောင်ရွက်နေ

ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နေသူများအားလုံးအကြားတွင် ဆက်သွယ်မှုလမ်းကြောင်းကို တိကျပြတ်သားစွာဖြင့် စနစ်တကျ ချိန်သားကိုက် ချိတ်ဆက်ဆောင်ရွက်မှုတို့ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းကို ပြည်သူများအား အသိပေးအပ်ပါကြောင်း၊ ထို့အပြင် ဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးအတွက် ရောဂါကာကွယ်တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်နေကြခြင်း ဖြစ်သည်ကို နှလုံးသွင်း၍ ကြိုးပမ်းနေကြသည်ကို အသိအမှတ်ပြု ချီးကျူးပါကြောင်းနှင့် ဆက်လက်၍လည်း ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ၊ ဝယ်ယူဖြန့်ဖြူးရေး၊ ကျန်းမာရေးအသိပညာ မြှင့်တင်ရေးဌာနခွဲ၊ eHealth ၊ ပြည်တွင်းပြည်ပ ဆက်ဆံရေးနှင့် သတင်းပြန်ကြားရေး၊ ကုသရေး စသည့် ဌာနခွဲနှင့် ကဏ္ဍများမှ တာဝန်ရှိသူများက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနချုပ်မှ နောက်ဆုံး (update) ထုတ်ပြန်ချက်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာတစ်ဝန်းတွင် ရောဂါကူးစက်ပျံ့နှံ့မှုဆိုင်ရာ ကူးစက်ရောဂါဗေဒရှုထောင့်မှ အသေးစိတ်သုံးသပ်ချက်များ၊ ရောဂါကုသမှုဆိုင်ရာအတွက် ကုသရေးရှုထောင့်မှ သုံးသပ်ချက်များ၊ ဝန်ကြီးဌာနမှ သံသယလူနာများကို အားထုတ်ကြိုးပမ်းရှာဖွေပြီး ရောဂါကာကွယ်ထိန်းချုပ် ဆောင်ရွက်မှုမဟာဗျူဟာ (Containment Strategy) ဖြင့် ဆောင်ရွက်နေမှု၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်များ၊ နယ်စပ် ဝင်ထွက်ပေါက်များမှ ဝင်ထွက်သွားလာမှုစာရင်းဇယားများနှင့် ရောဂါစောင့်ကြပ်ကြည့်ရှု ဆောင်ရွက်မှုအချက်အလက်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအသီးသီးမှ ပေးပို့လာသောရောဂါစောင့်ကြပ်ကြည့်ရှုရေးဆောင်ရွက်နေမှုနှင့် သတင်းပေးပို့နေမှုအခြေအနေများ၊ သံသယလူနာများနှင့် စောင့်ကြပ်ကြည့်ရှုလူနာများ၏ ကျန်းမာရေးအခြေအနေများ၊ ဆေးနှင့်ဆေးပစ္စည်းများ စုဆောင်းထားရှိမှု၊ ရရှိမှု၊ ခွဲဝေဖြန့်ဖြူးထားမှု အခြေအနေများ၊ လူမှုကွန်ရက် (facebook) တွင် ကောလာဟလ သတင်းမှားများ ဖန်တီးဖြန့်ဝေနေမှုကိစ္စရပ်နှင့် ပတ်သက်၍ Myanmar Facebook Team နှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့မှု၊ ကောလာဟလသတင်းမှားများကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျပြန်လည်အသိပေးရှင်းလင်းနိုင်ရေး စသည်တို့အပါအဝင် နောက်ဆုံးသတင်းအချက်အလက်များကို တင်ပြခြင်း၊ ဝေမျှခြင်းနှင့် ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်သည်။

## ဆွေးနွေးအကြံပြုခြင်းများဆောင်ရွက်

အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ပြည်သူ့ကျန်းမာရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ဝယ်ယူဖြန့်ဖြူးရေး)၊ ညွှန်ကြားရေးမှူး(ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေး)၊ ညွှန်ကြားရေးမှူး(ကုသရေး)၊ နေပြည်တော် ခုတင် ၁၀၀၀ ဆံ့ ပြည်သူ့ဆေးရုံအုပ်ကြီး၊ ကူးစက်ရောဂါ ကုသရေးဆိုင်ရာပါမောက္ခများ၊ ဆေးပညာပါမောက္ခများနှင့် ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေး၊ ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ဓာတ်ခွဲ၊ eHealth ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်၍ ဆန်းစစ်သုံးသပ်ခြင်း၊ ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်သည်။

**သတင်းစဉ်**

# သံအမတ်ကြီး ဦးမြင့်လွင် တူရကီသမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တူရကီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်လွင်သည် ၎င်း၏သံအမတ်ခန့်အပ်လွှာကို ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် အန်ကာရာမြို့၌ တူရကီသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရီဆက် တေရဖ် အဒိုဂန်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

# အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ယနေ့ မွန်းတည့်ချိန်အထိ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ဖွင့်ပွဲအခမ်းအနား ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီညှိနှိုင်းစည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၆**

အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ပြောင်းရွှေ့ဖွင့်လှစ်ခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပနိုင်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ယဉ်ကျေးမှု)ရှိ လောကနတ်အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အမျိုးသားစာကြည့်တိုက် (ရန်ကုန်)ကို ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း ၃၁ လမ်းနှင့် ၃၂ လမ်းကြားရှိ အမှတ်(၆၀၄/၆၀၈) အဆောက်အဦကို လာမည့် ဧပြီလ ပထမပတ်အတွင်း ပြောင်းရွှေ့ဖွင့်လှစ်သွားရန်လျာထားပါကြောင်း၊ ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာနှင့် အောင်မြင်စွာကျင်းပသွားမည်ဖြစ်ကြောင်း၊ အမျိုးသားစာကြည့်တိုက်အား စာပေ၊ ယဉ်ကျေးမှု၊ သမိုင်း စသည့် ပညာရပ်များကို အလွယ်တကူလေ့လာနိုင်မည့် ပြည်သူအကျိုးပြုဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်သည့် ခေတ်မီဒစ်ဂျစ်တယ်စနစ်များပါဝင်သော နိုင်ငံတကာအဆင့်မီ စာကြည့်တိုက်ကြီးတစ်ခု အဖြစ် ပြောင်းရွှေ့ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဖွင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ပြီးတက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးခြင်း စကားဝိုင်းဆွေးနွေးပွဲကျင်းပ (အပိုင်း(၂))

တာရာ

**စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးခြင်း စကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။**

**အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးသူရိန်လွင်က အစီအစဉ်မှူးအဖြစ် ဆောင်ရွက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး (စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရလွယ်ကူမှု အထောက်အကူပြုအဖွဲ့ အဖွဲ့ခေါင်းဆောင်)၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် (စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်း အညွှန်းကိန်းနှင့် အနည်းစုရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့ခေါင်းဆောင်)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး (ဆောက်လုပ်ခွင့်ရယူခြင်း အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့ ခေါင်းဆောင်)နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် (ပုဂ္ဂလိကကဏ္ဍ ကိုယ်စားလှယ်) တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။**
















**အစီအစဉ်မှူး ။ ။ အခု ဒုတိယပိုင်းမှာ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရလွယ်ကူမှု အညွှန်းကိန်းတွေမှာ တိုးတက်တဲ့ကဏ္ဍတွေ ရှိသလို မတိုးတက်သေးတဲ့ ကဏ္ဍတွေ ရှိတယ်လို့လည်း သိရပါတယ်။ အဲဒါနဲ့ ပတ်သက်တဲ့ အကြောင်းအရာကို ရှင်းပြပေးပါဦးခင်ဗျာ။**

**ဦးအောင်ထူး** ။ ။ အညွှန်းကိန်းကို တွက်ရာမှာ အဓိကအားဖြင့် အညွှန်းကိန်း ၁၀ ခု ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်က တိုးတက်ခဲ့တာ အညွှန်းကိန်း ငါးခုမှာ တိုးတက်ခဲ့တာ ဖြစ်ပါတယ်။ ကျန်တဲ့အညွှန်းကိန်း ၅ ခုမှာ သိပ်သိသာတဲ့ တိုးတက်မှုကို မရပါဘူး။ တချို့က အပြောင်းအလဲမရှိဘဲ တန့်နေပါတယ်။ ဒီလို အညွှန်းကိန်းအချို့မှာ ပြောင်းလဲမှုမရှိရတဲ့ အကြောင်းအရင်းတွေမှာ အခက်အခဲတစ်ချက်က အညွှန်းကိန်းတွေနဲ့ ပတ်သက်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကို ပြဋ္ဌာန်းပြီးမှု မရှိခြင်း ဖြစ်ပါတယ်။

ဥပမာအားဖြင့် စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရာမှာ ငွေကြေးအကျပ်အတည်း ဖြစ်တယ်။ ဒါကို ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ ဥပဒေ ကျွန်တော်တို့ဆီမှာ မရှိသေးပါဘူး။ ဒါကြောင့် ဒီဟာကို ဖြေရှင်းပေးနိုင်ဖို့အတွက် Insolvency Law ကို လွှတ်တော်မှာ တင်ပြထားပြီး ဖြစ်ပါတယ်။ ဒီနှစ်အတွင်းမှာ Insolvency Law နဲ့ပတ်သက်လို့ ပြဋ္ဌာန်းနိုင်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ အမှတ်က တက်လာမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ချေးငွေရရှိနိုင်မှုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ဆီမှာ လိုနေတဲ့ အချက်တစ်ခုက Secured Transactions Law လို့ခေါ်တဲ့ ရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းတွေကို အပေါင်ထားပြီး ချေးငှားတဲ့ဥပဒေကို ကျွန်တော်တို့ အခုမှစပြီး ပြုစုနေပါတယ်။ ဒီဥပဒေရယ်၊ Credit Bureau လို့ခေါ်တဲ့ ချေးငွေရုံး၊ ချေးငွေမှတ်တမ်းရုံး ဒါတွေသာ ပြီးသွားမယ်ဆိုရင်ကျွန်တော်တို့ အနေနဲ့ အမှတ်က တက်လာမှာ ဖြစ်ပါတယ်။ အချို့အပိုင်းတွေမှာ ဥပဒေကြောင်းအရ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဥပဒေကြောင်းအရ ဆောင်ရွက်မှုတွေမှာ အချိန်ယူရတဲ့အတွက် တချို့သောအညွှန်းကိန်းတွေမှာ တိုးတက်နိုင်မှုမရှိသေးတာကို တွေ့ရပါတယ်။

**အစီအစဉ်မှူး ။ ။ အနည်းစုအစု ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့အနေနဲ့ မြန်မာနိုင်ငံရဲ့ Doing Business အဆင့်နဲ့ ရမှတ်တွေ တိုးတက်အောင် ဘယ်လိုပြုပြင်ပြောင်းလဲမှုတွေကို ဆက်လက်လုပ်ဆောင်သွားဖို့ရှိလဲဆိုတာ ရှင်းပြပေးပါဦး။**

**ဦးသန့်စင်လွင်** ။ ။ Protecting Minority Investor အနည်းစုအစု ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း အညွှန်းကိန်းမှာ ၉ ဆင့် တက်လာတာရှိပါတယ်။ အဲဒီအဆင့် သတ်မှတ်ချက်တွေထဲမှာ လုပ်ငန်းအဆင့်ကို ကြည့်ရင် ၈ ဆင့် ရှိပါတယ်။ လုပ်ငန်းအဆင့် ၈ ဆင့်မှာ အပေါ်က ၅ ဆင့် က မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေမှာပါတဲ့ အကျုံးဝင်တဲ့ အချက်တွေအရ လိုက်လျောညီထွေရှိတဲ့ အတိုင်းအတာတစ်ခုကို ရောက်သွားပါပြီ။ အဲဒီအထဲမှာ လိုက်လျောညီထွေမရှိသေးတာက အများပြည်သူ ယုံကြည်မှုဆိုင်ရာနဲ့ ပတ်သက်တာ ဖြစ်ပါတယ်။

ဒါကဘာလဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ ကုမ္ပဏီတွေ ၇ သောင်းကျော် ရှိပါတယ်။ အဲဒီအထဲမှာ အများပြည်သူနဲ့ဆိုင်တဲ့၊ အများပြည်သူပိုင်ဆိုင်တဲ့ Public Company ၁၀၀ ကျော် ရှိပါတယ်။ နိုင်ငံတကာမှာ Public Company တွေဟာ နိုင်ငံတကာရဲ့ Stock Exchange မှာဝင်ပြီး အာမခံမှုရှိအောင် ဆောင်ရွက်ဖို့အတွက် စာရင်းဝင်ဖြစ်ဖို့ လိုပါတယ်။

Public Company က စာရင်းဝင် ဖြစ်လာပြီဆိုရင် ဒါက ယုံကြည်မှုရှိလို့ပဲလို့ ယူဆရမှာ ဖြစ်ပါတယ်။ ဘာကြောင့် Listed Company မဖြစ်သလဲ၊ ဘာကြောင့် Public Company မဖြစ်သလဲဆိုရင် Cooperate Governance ဆိုတဲ့ ကော်ပိုရေးရှင်းစီမံခန့်ခွဲအုပ်ချုပ်မှုအပိုင်းမှာ စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေတဲ့ ကုမ္ပဏီတွေက မသိရှိသေးလို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က Cooperate Governance ကို စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေတဲ့ ကုမ္ပဏီတွေရဲ့ ကော်ပိုရေးရှင်း စီမံခန့်ခွဲအုပ်ချုပ်မှုတွေကို သိရှိအောင်ကျွန်တော်တို့က ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒါကို SECM ဆိုတဲ့ Stock Exchange Authority အဖွဲ့၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နဲ့ နိုင်ငံတကာကျွမ်းကျင်ပညာရှင်တွေ ပူးပေါင်းပြီး Cooperate Governance Code ကို ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ကော်ပိုရိတ်စီမံခန့်ခွဲမှုနည်းလမ်းကို သိလာပြီး လုပ်ဆောင်နိုင်လာပြီဆိုရင် Public Company တွေ ပိုပြီး ပေါ်ပေါက်လာမှာဖြစ်ပါတယ်။

ဒီလိုပိုပြီး ပေါ်ပေါက်လာပြီဆိုရင် Listed ထဲကို ဝင်လာမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ကုမ္ပဏီ ၇ သောင်းကျော်ထဲမှာ Listed Company ၅ ခု ရှိပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ သုံးသပ်ချက်အရ Listed Company ၁၀ ဖြစ်မှစပြီး ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် အစိုးရနဲ့ ပုဂ္ဂလိက တိတိကျကျ ပူးပေါင်းဆောင်ရွက်မှသာ တိုးတက်မှာ ဖြစ်တယ်လို့ တွေ့ရှိရပါတယ်။

အနည်းစုအစု ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးခြင်း အညွှန်းကိန်းမှာ Public က Listed ဖြစ်အောင် အများစုရဲ့ ယုံကြည်မှုရှိအောင် စောင့်ရမှာဖြစ်တဲ့အတွက် အချိန်တော့ အနည်းငယ်ယူရမှာ ဖြစ်ပါတယ်။ ဒီဟာသာရရှိလာပြီဆိုရင် ကျွန်တော်တို့ အဆင်ပြေမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ကုမ္ပဏီဥပဒေနဲ့ ဩစတြေးလျ Cooperate Act နဲ့က တစ်ပုံစံတည်းပါ။ တော်တော်များများမှာ တူညီပါတယ်။

ဒါပေမယ့် ဩစတြေးလျ Cooperate Act ကို သူတို့က အမှတ်အများကြီး ပေးထားပြီး ကျွန်တော်တို့ မြန်မာကုမ္ပဏီဥပဒေကို အမှတ်နည်းနည်းပဲပေးတာ ဘာကြောင့်လဲဆိုပြီး မေးခွန်းထုတ်စရာ ဖြစ်လာပါတယ်။ ဆိုလိုတာက ဩစတြေးလျ၊ စင်ကာပူနဲ့ နယူးဇီလန်တို့လို နိုင်ငံမျိုးက စနစ်ကျပြီးသားလမ်းကြောင်းပေါ်မှာ သူတို့ဥပဒေက ရပ်တည်နေတာဖြစ်နေတဲ့အတွက် တစ်ခုလုပ်လိုက်ရင် ကျန်တာတွေအားလုံး ဆက်စပ်ပြီး စနစ်ကျသွားတယ်လို့ ကျွန်တော်တို့က တွက်ချက်လို့ ရပါတယ်။

ကျွန်တော်တို့က အများသိကြတဲ့ အတိုင်း ဌာနတွေ၊ တာဝန်ယူရတဲ့ အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကကဏ္ဍတွေ ဒါတွေကို ချိတ်ဆက်ဖို့ အချို့နေရာလေးတွေမှာ အလှမ်းဝေးနေတာ ရှိပါတယ်။ ဒါကြောင့်လို့ ကျွန်တော်တို့က သိရပါတယ်။ ဒါပေမယ့် ဒီနေရာမှာ ဒေါ်ခိုင်ခိုင်နွယ် ပြောသွားသလို ကျွန်တော်တို့ လုပ်ဆောင်တာကို သိအောင်ပြောပြဖို့ လိုပါတယ်။ ဒီလိုပြောပြဖို့အတွက်လည်း ကမ္ဘာ့ဘဏ်ရဲ့ Ease of Doing Business ကို စောင့်ကြည့်နေတဲ့ အဖွဲ့ကို ဆက်သွယ်ရပါတယ်။ ကျွန်တော်တို့ လုပ်ဆောင်နေတာကို ရှင်းပြရပါတယ်။ ဒီဟာတွေကို ပူးပေါင်းပြီး လုပ်ဆောင်နိုင်မယ်ဆိုရင် အနည်းစုအစု ရင်းနှီးမြှုပ်နှံသူတွေကို အကာအကွယ်ပေးခြင်း အညွှန်းကိန်းအမှတ်က တက်လာမယ်လို့ မျှော်လင့်ရပါတယ်။

**အစီအစဉ်မှူး ။ ။ ဆောက်လုပ်ခွင့်ရယူခြင်း အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့အနေနဲ့ မြန်မာနိုင်ငံရဲ့ အဆင့်နဲ့ ရမှတ်တွေ တိုးတက်အောင် ဘယ်လိုပြုပြင်ပြောင်းလဲမှုတွေ ဆက်လက်လုပ်ဆောင်ဖို့ ရှိတယ်ဆိုတာကို ရှင်းပြပေးပါဦး။**

**ဒေါ်လှိုင်မော်ဦး** ။ ။ ကျွန်မတို့အနေနဲ့ ကာလတို၊ ကာလလတ်နဲ့ ကာလရှည် ဆောင်ရွက်ရမယ့် လမ်းကြောင်းကို အစောကြီးကတည်းက ချထားပြီးဖြစ်ပါတယ်။ အဲဒီလို ချထားတဲ့ အခြေအနေအရလည်း အဆောက်အဦ ဆောက်လုပ်ခွင့် ခွင့်ပြုမိန့်တွေကို ချတဲ့အချိန်မှာ ထိခိုက်နိုင်တဲ့ အခြေအနေနဲ့ ဘေးဖြစ်နိုင်တဲ့အခြေအနေအပေါ် မူတည်ပြီး ထိခိုက်ဖွယ်ရာ သိပ်ပြီးအန္တရာယ်မရှိဘူးဆိုတဲ့ ကိစ္စမျိုး၊ အလယ်အလတ်လူနဲ့ ပစ္စည်းဥစ္စာကို သိပ်ပြီးမထိခိုက်တဲ့ကိစ္စမျိုး၊ ဒါမှမဟုတ် အချို့အဆောက်အဦတွေကျတော့ အများကြီးကို ထိခိုက်နိုင်တဲ့ အဆောက်အဦတွေ အဲဒီလို Low Risk, Medium Risk နဲ့ High Risk ဆိုပြီး အဆောက်အဦတွေကိုခွဲပြီး အဲဒီ အခြေအနေအပေါ်မူတည်ပြီး ခွင့်ပြုမိန့်တွေကိုပေးတဲ့ စနစ်တွေကို ကျွန်မတို့က ဆောင်ရွက်နေပါတယ်။

နိုင်ငံတကာမှာ ဘယ်လိုဆောင်ရွက်နေသလဲဆိုတာကိုလည်း ကျွန်မတို့ကြည့်ပါတယ်။ Risk ပေါ်မှာ မူတည်ပြီး Low Risk ဆိုရင် လွယ်လွယ်ကူကူပေးပါတယ်။ Medium Risk က အသင့်အတင့်ကြည့်ပါတယ်။ High Risk ဆိုရင် အများကြီး စိစစ်ပေးတာ ရှိပါတယ်။

ဒီလိုအခြေအနေမျိုးကို အခြေခံတဲ့စနစ်ကို စတင်ဆောင်ရွက်နေပါတယ်။ ဒါကို ဆောင်ရွက်တဲ့အပြင် အဆင့်တွေ၊ အချိန်ကာလတွေကို လျှော့ချနိုင်ဖို့ Online Submitting Automation System ကိုလည်း ကျွန်မတို့ ဆောင်ရွက်နေတာ ရှိပါတယ်။ Automation System ကို ဆောင်ရွက်ရာမှာ ကျွန်မတို့အနေနဲ့ ၂၀၁၈ ခုနှစ် မေလ ၇ ရက်နေ့ကတည်းက ကမ္ဘာ့ဘဏ် (IFC)နဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့ Advisory Agreement ထိုးခဲ့ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

ကျွန်မတို့ရဲ့လက်ရှိရှိနေတဲ့ Procedure တွေထဲမှာ လျှော့ချရမယ့် Procedure တွေ၊ အဆင့်တွေကို လျှော့ချပါတယ်။ အဲဒီအပေါ်မှာ အကောင်းဆုံးဖြစ်နိုင်မယ့် နည်းလမ်းကို အွန်လိုင်းဖြစ်ဖို့ ဆောင်ရွက်နေတာ ရှိပါတယ်။ ခုနတုန်းက ညွှန်ကြားရေးမှူးချုပ် ပြောသွားသလိုပါပဲ ကျွန်မတို့က ရှိနေတဲ့ နည်းပညာကိုလည်း အကူအညီယူရပါတယ်။ ကျွန်မ ပထမပိုင်းမှာ ပြောခဲ့သလိုပါပဲ အမှတ်ပေးရာမှာ လုပ်ကိုင်တဲ့ အဆင့်တွေ၊ အချိန်ကာလတွေ၊ ငွေကြေး ကုန်ကျစရိတ်တွေ၊ အရည်အသွေးနဲ့ ပတ်သက်ပြီး ဘယ်လောက်အထိ အာမခံချက်ပေးနိုင်သလဲဆိုတဲ့ အပိုင်းတွေပါတော့ အဆင့်အနေနဲ့ အွန်လိုင်းဆောင်ရွက်ခြင်းအားဖြင့် အဆင့်တွေ လျှော့ချမယ်။

အွန်လိုင်းဆောင်ရွက်ခြင်းအားဖြင့် အချိန်တွေကို လျှော့ချမယ်ဆိုရင် ဒါက အခြားကမ္ဘာ့နိုင်ငံတွေနဲ့ စီးပွားရေးဝန်းကျင်ကောင်းရှိတဲ့ နိုင်ငံတွေနဲ့ တန်းတူရည်တူ ရင်ပေါင်တန်းနိုင်တဲ့ အခြေအနေကို ရောက်မှာဖြစ်တဲ့အတွက် အဲဒီစနစ်ကိုလည်း စတင်ဆောင်ရွက်နေပါတယ်။ Pilot Test Run ကို ၂၀၁၉ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလို ဆောင်ရွက်ရာမှာ Communication အပိုင်းတွေ အများကြီးပါဝင်ပါတယ်။ ကျွန်မတို့ချည်းပဲ ဆောင်ရွက်လို့ မရပါဘူး။ ကမ္ဘာ့ဘဏ်က ကူညီနေသလို ဆက်စပ်နေတဲ့ ပညာရှင်တွေ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီတို့နဲ့လည်း ပူးပေါင်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ ကျွန်မတို့အနေနဲ့ သင်တန်းကို ၇ ကြိမ် ပေးခဲ့ပြီးပါပြီ။ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီက မှတ်ပုံတင်ပေးတဲ့ အင်ဂျင်နီယာဗိသုကာပေါင်း ၁၂၅၉ ယောက်ကို ဒီ ၇ ကြိမ်မှာ ကျွန်မတို့ သင်တန်းပေးနိုင်ခဲ့ပါတယ်။

သင်တန်းအပေါ် မူတည်ပြီးရှိနေတဲ့ အွန်လိုင်းစနစ်က တကယ်လွယ်ကူအောင် ဆောင်ရွက်နိုင်သလား၊ မဆောင်ရွက်နိုင်ဘူးလားဆိုတာ၊ ဘယ်လိုအခက်အခဲ ရှိသလဲဆိုတာ အပြည့်အဝ အသုံးမချသေးခင်မှာ သင်တန်းပေးထားတဲ့ ကျွန်မတို့နဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ အင်ဂျင်နီယာ၊ ဗိသုကာပညာရှင်တွေနဲ့ အခု ပူးပေါင်းဆောင်ရွက်ရာမှာ အခုဆိုရင် ဇန်နဝါရီလ ၁၃ ရက်နေ့အထိ Case ပေါင်း ၂၃၁ ခု ကျွန်မတို့ အွန်လိုင်းမှာ တင်လာတာရှိပါတယ်။

အဲဒီမှာရှိနေတဲ့ အခက်အခဲ၊ သူတို့ဘက်က အခက်အခဲတွေကို ကျွန်မတို့ဘက်က ဖြေရှင်းရတဲ့ အနေအထားတွေကိုလည်း ဆက်လက်ပြီး ညှိနှိုင်းဆောင်ရွက်နေပါတယ်။ အဲဒီမှာ ကျွန်မတို့ ဘာသွားတွေ့သလဲဆိုတော့ အရင်တုန်းက Construction Permit ရဖို့ ဖြတ်ညှပ်ကပ်နဲ့ လက်မှတ်ထိုးရုံလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်။ အခုလို တကယ်တိတိကျကျ ပြန်ပြီးဆောင်ရွက်ရတဲ့အခါ သူတို့ဘက်မှာ အခက်အခဲနည်းနည်း ရှိတာလေးတွေ ရှိပါတယ်။

ကျွန်မတို့အတွက် ဒါက စိန်ခေါ်မှု ဖြစ်လာပါတယ်။ ဆိုလိုချင်တာက တင်တဲ့အချိန်မှာ ကျွန်မတို့ ဘယ်လောက်ပဲ Training ပေးပေး သူတို့အနေနဲ့က တစ်ခါတလေ ကျရင် မရှင်းလင်းတာတွေကို ကျွန်မတို့က ပူးပေါင်းဆောင်ရွက်ပေးရပါတယ်။ Training ပေးပြီး Case တင်လာတဲ့ အင်ဂျင်နီယာတွေ၊ ဗိသုကာပညာရှင်တွေထဲက အခက်အခဲရှိတဲ့သူတွေကို ကျွန်မတို့က သီးခြားပြန်ခေါ်ပြီး သူတို့ရဲ့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို ဝိုင်းပြီးဖြေရှင်းပေးပါတယ်။ အဲဒီလိုဖြေရှင်းတာလည်း နှစ်ကြိမ်ရှိပါပြီ။ မနေ့ကဆိုရင်လည်း လူ ၆၀ လောက်ကို ခေါ်ပြီး သူတို့ရဲ့ Case တွေကို ဘယ်လို အခက်အခဲရှိတယ်၊ ဒီလိုလုပ်ရတယ်ဆိုတာကို ပူးပေါင်းဆောင်ရွက်ပေးနေတာ ရှိပါတယ်။ ဒါကတစ်ပိုင်းပါ။

ဒုတိယတစ်ပိုင်းက ကျွန်မတို့က ဒီအွန်လိုင်းစနစ်နဲ့ ပတ်သက်ပြီး ကာလတိုမှာ ဒီနှစ်ထဲမှာ Full Launch လုပ်နိုင်ဖို့ တွန်းအားပေးနေတာ တစ်ခုရှိပါတယ်။ ဘယ်လောက်အထိ လုပ်နိုင်မလဲဆိုတာ ခုနပြောတဲ့ စိန်ခေါ်မှုလေးတစ်ခု ရှိပါတယ်။ ပညာရှင်တွေဘက်က ဘယ်လောက်အထိ ပူးပေါင်းဆောင်ရွက်ပေးနိုင်မလဲဆိုတာ တစ်ပိုင်းရှိပါတယ်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

နောက်တစ်ပိုင်းက ဒုတိယဝန်ကြီး ပြောသွားသလိုပါပဲ၊ Communication ပိုင်းပါ။ ကျွန်မတို့ဆီကို Case တွေ ဘယ်လောက်တက်လာမလဲ လျှောက်ထားမှုက ဘယ်လောက် အထိရှိတယ်။ အဲဒီအထဲက ခွင့်ပြုမိန့်ကျတာ ဘယ်လောက်ရှိတယ်။ အဲဒီအထဲမှာ ဘယ် Case တွေက ဘာကြောင့်မို့ မကျတာလဲ ဒါတွေကို ကျွန်မတို့ ပြန်တောင်းထားပါတယ်။ ဘယ် Case တွေကို ပိတ်သိမ်းပါတယ်ဆိုတဲ့ ကိစ္စမျိုးတွေကို ကျွန်မတို့ အွန်လိုင်းတင်ပေးပါတယ်။

အွန်လိုင်းတင်တာက ကျွန်မတို့ရဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရဲ့ YCDC ဝက်ဘ်ဆိုက်မှာ တင်သလို ဆက်စပ်နေတဲ့ အဖွဲ့အစည်းတွေဖြစ်တဲ့ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဒို့အပြင် ဒုတိယဝန်ကြီး ပြောသွားသလို Doing Business ဝက်ဘ်ဆိုက်နဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်ကိုရော ကျွန်မတို့ ပို့ပေးပြီး Update လုပ်ပေးပါတယ်။ ကျွန်မတို့ဆီက နှစ်ပတ်တစ်ကြိမ် ခွင့်ပြုမိန့်ထုတ်ပေးနေတာကို Communicate လုပ်ပေးနေပါတယ်။ တစ်နည်းအားဖြင့် ဆိုလိုချင်တာက ခွင့်ပြုမိန့်မထွက်ဘူးဆိုရင်လည်း ဘာကြောင့်မထွက်ဘူးဆိုတဲ့ အကြောင်းအရာတွေကိုပါ တင်ပေးပါတယ်။

နောက်ပြီး တစ်ခုတွေ့တာက ဘယ်လောက် ကျွန်မတို့က အမှတ်ကောင်းအောင်လုပ်လုပ် အမှတ်တက်သွားတိုင်းမှာ အဆင့်မတက်တာလည်း တွေ့ရပါတယ်။ သူတို့က ကြိုးစားနေကြတာဖြစ်တော့ သူတို့ဘာလုပ်နေလဲ၊ ဘယ်လိုနည်းပညာတွေ အသုံးပြုနေလဲဆိုတာတွေကိုလည်း ကျွန်မတို့ လေ့လာပြီး ပူးပေါင်းဆောင်ရွက်နေပါတယ်။

**အစီအစဉ်မှူး ။ ။ ရေရှည်မှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ အခုဖြစ်ပေါ်လာတဲ့ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို ဖြေရှင်းသွားဖို့ အစီအမံ တွေ ရှိလားဆိုတာ သိချင်ပါတယ်။**

**ဒေါ်လှိုင်မော်ဦး** ။ ။ ခုန ကျွန်မပြောသလိုပါပဲ နှစ်ပိုင်းရှိပါတယ်။ ကျွန်မတို့က အွန်လိုင်းစနစ်ကို ကမ္ဘာ့ဘဏ်နဲ့ ဆောင်ရွက်နေတော့ ပြည့်စုံအောင်မတင်တဲ့ Case တွေကို ကျွန်မတို့က တကယ်က လက်မခံချင်ပါဘူး။ အွန်လိုင်းစနစ်မှာကတည်းက ဖြတ်ချတဲ့စနစ်ကို ကျွန်မတို့က လုပ်ချင်ပါတယ်။ ကျွန်မတို့ဆီကို တက်လာတဲ့ Case တွေက ပြန်ပြီး မပို့ရတော့ဘူး။ ဒါပေမယ့် ကမ္ဘာ့ဘဏ်က မြင်တာက အဲဒီလိုမဟုတ်ဘူး။

ဒီတင်လာတဲ့သူတွေကို ကျွန်မတို့က ပညာပေးရမယ်၊ သူတို့ ဒီလမ်းကြောင်းပေါ်ရောက်အောင် ကျွန်မတို့က တည့်မတ်ပေးရမယ်ဆိုတဲ့ အခြေအနေကြောင့် မူလလုပ်တဲ့ သင်တန်း ၇ ကြိမ်အပြင် အခက်အခဲရှိတဲ့ သူတွေကို ပူးပေါင်းဖြေရှင်းပေးတဲ့ အဖွဲ့တစ်ဖွဲ့ ထားပြီး ဆောင်ရွက်ပေးနေတာရှိပါတယ်။

နောက်ပြီး One Stop Service ကောင်တာ ဖွင့်ထားတာရှိပါတယ်။ ဖုန်းနံပါတ်က ဝ၁ – ၃၇၄၀၅၅ ဖြစ်ပါတယ်။ အဲဒီမှာ အဆောက်အဦတင်ဒါနဲ့ ပတ်သက်တဲ့ အခက်အခဲတွေကို ကျွန်မတို့ ဖြေရှင်းပေးနေတာ ရှိပါတယ်။ ကျွန်မတို့ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနဲ့ သောကြာနေ့တို့မှာ Case တင်တဲ့ ကိစ္စတွေကို ဆောင်ရွက်ပေးနေပါတယ်။

လက်ရှိအခြေအနေမှာကျွန်မပြောတဲ့ Case တွေက ထိခိုက်နိုင်ခြေနည်းတဲ့ Low Risk တွေကို ကျွန်မတို့ စတင်ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ Low Risk နဲ့ Medium Risk ပါ။ High Risk ကိုလည်း ကျွန်မတို့ ဆက်လက်ဆောင်ရွက်ဖို့ အစီအစဉ်ရှိပါတယ်။ Full Launch ကိုလည်း ဒီနှစ်ထဲမှာ လုပ်နိုင်မယ်လို့ ထင်ပါတယ်။

Low Risk က နည်းနည်းစောပါမယ်။ အပြည့်အဝကတော့ ပြုပြင်ပြောင်းလဲရတဲ့ အပိုင်းဆိုတာ Mindset ပြောင်းရတဲ့ အပိုင်းပါ။ ကျွန်မတို့ ဝန်ထမ်းတွေရဲ့ Mindset ပြောင်းဖို့လိုသလို တောက်လျှောက် အသုံးပြုခဲ့တဲ့သူတွေရဲ့ Mindset ကို ကျွန်မတို့က ပြုပြင်ပြောင်းလဲပေးနေရတဲ့ အခြေအနေ ရှိပါတယ်။

**အစီအစဉ်မှူး ။ ။ အစိုးရဌာနတွေက ဆောင်ရွက်နေတဲ့ လုပ်ဆောင်ချက်တွေအပေါ် ပုဂ္ဂလိကကဏ္ဍအနေနဲ့ ဘယ်လိုအမြင်ရှိတယ်၊ ဘာတွေထပ်ပြီး ဖြည့်စွက်ဆွေးနွေးပြောကြားချင်တယ်ဆိုတာကို ပြောပြပေးပါဦး။**

**ဒေါ်ခိုင်ခိုင်နွယ်** ။ ။ ကျွန်မတို့ အညွှန်းကိန်း ၁၀ ခုရှိတယ်။ အဲဒီမှာတက်သွားတာ ၅ ခု၊ ဒီအတိုင်းတန်းနေတာ ၂ ခု၊ ၃ ခုလောက်ရှိတယ်။ မတက်တာလည်း ရှိပါတယ်။ ဒါက ဘာလဲဆိုတော့ အညွှန်းကိန်း ၁၀ ခုက ကြည့်လိုက်ရင် စက်ဝိုင်းကြီးတစ်ခုပါ။ Ease of Doing Business ဆိုတာ လွယ်ကူတယ်လို့ ပြောလိုက်တာပါ။

လွယ်ကူရုံနဲ့ မပြီးဘူး။ ဒုတိယဝန်ကြီး ပြောသလို လုပ်ငန်းတစ်ခု လာလုပ်တဲ့အခါ ရင်းနှီးမြှုပ်နှံမယ်။ ဘယ်လိုစပြီး Run မယ်။ ဒီလို Starting a Business Registration ရပြီဆိုရင် သူက ဆောက်လုပ်ရေး ဆောက်တော့မယ်ဆိုရင် Construction လာမယ်။ အဲဒီအချိန် လျှပ်စစ်လိုမယ်ဆိုရင် Getting Electricity လာမယ်။ ငွေကြေးလိုမယ်ဆိုရင် Getting Credit လာမယ်။

အခွန်တွေ ပေးရတော့မယ်ဆိုရင် အခွန်ဌာနနဲ့ ချိတ်ဆက်မှုတွေ လာမယ်။ သွင်းကုန်ထုတ်ကုန်တွေ လုပ်တော့မယ်ဆိုရင် Trading Across Border တွေလာမယ်။ ဒီလိုတွေလုပ်ဖို့ အားလုံးအဆင်ပြေရုံနဲ့ ပြီးသွားလားဆိုတော့ မဟုတ်ပါဘူး။ အာမခံချက်တစ်ခု ပေးဖို့လိုပါတယ်။ ဒါကြောင့် လုပ်ငန်းလုပ်တဲ့အခါ Business Contract တွေ လိုလာပါတယ်။ တစ်ခုနဲ့တစ်ခု စာချုပ်ချုပ်ပြီး လုပ်တဲ့အခါ အငြင်းပွားမှုဖြစ်လာရင် ဥပဒေအရ ဒါကို ဘယ်တရားရုံးက ဖြေရှင်းပေးမယ်ဆိုတာလည်း အညွှန်းကိန်းမှာပါတယ်။

ပြီးတော့မှ လုပ်ငန်းက အမြဲတမ်းလိုလို ကောင်းနေရင် ကောင်းပါတယ်။ ဒါပေမယ့် မျှော်လင့်ထားရမှာက တစ်ခုခုကြောင့် အခက်အခဲဖြစ်ခဲ့သော် ကယ်တင်နိုင်မယ့် ဥပဒေ၊ ငွေကြေးအခက်အခဲ ဖြစ်လာရင် ကယ်တင်နိုင်မယ့် ဥပဒေဆိုတာလည်း လိုလာပါတယ်။ ဒါတွေကို အကုန်ပြည့်သွားမှ သူက တစ်ပတ်လည်သွားတာ ဖြစ်ပါတယ်။ အဲဒီအခါကျတော့ တချို့သော အညွှန်းကိန်းတွေက ဌာနတစ်ခု သို့မဟုတ် ၂ ခု၊ ဌာနတစ်ခုတည်းက အများကြီးလုပ်လို့ရတာဆိုရင် အဆင်ပြေပါတယ်။

တချို့သော အညွှန်းကိန်းတွေက ဌာန ၄ – ၅ ခုနဲ့ လုပ်တဲ့အခါ ကိုယ့်ရဲ့ ဌာနတစ်ခုတည်းမှာ စိန်ခေါ်မှုတွေက ရှိပါသေးတယ်။ ပုဂ္ဂလိကနဲ့ ချိတ်ဆက်တဲ့အခါ စိန်ခေါ်မှုက ရှိပါသေးတယ်။ ဌာန ၄ – ၅ ခုနဲ့ချိတ်ဆက်တဲ့အခါ အဲဒီစိန်ခေါ်မှုက တော်တော်ကြီးပါတယ်။ ဒါကြောင့် တချို့သော အညွှန်းကိန်းတွေက လုပ်လို့မရတာ မဟုတ်ပေမယ့် ခက်ခဲပါတယ်။ မလွယ်ကူဘူး။

အဲဒီတော့ ပုဂ္ဂလိက ကဏ္ဍက ဘာတွေ လုပ်နေသလဲဆိုတော့ အွန်လိုင်းစနစ် Phase 1 က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန တစ်ခုတည်းနဲ့ လုပ်ရတဲ့ လိုင်စင်ကိစ္စပါ။ Phase 1 မှာ အခုဆိုရင် သွင်းကုန်အွန်လိုင်းလိုင်စင် ရသွားပါပြီ။ Phase 2 မှာ Online Clearance System ဖြစ်တဲ့အတွက် အကောက်ခွန်ဦးစီးဌာန ပါလာပြီ အကောက်ခွန်ဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနဲ့ လုပ်ငန်းရှင်ပါ။ လုပ်ငန်းအားလုံးကို တစ်ပြိုင်နက်တည်း လုပ်ရတာ မလွယ်ကူတဲ့အတွက် Sector တစ်ခုဖြစ်တဲ့ အထည်ချုပ်လုပ်ငန်းနဲ့ ကျွန်မတို့က စတင်ပါတယ်။ Phase 2 မှာ ကျွန်မတို့က သွင်းကုန်အွန်လိုင်းလိုင်စင် ရသွားပြီ။

သို့သော် သွင်းကုန်ထုတ်ကုန်ဒေတာတွေ စစ်ဆေးနေရပါသေးတယ်။ အသင်းအနေနဲ့ Commerce နဲ့ ချိတ်ပြီး စစ်ဆေးနေရပါသေးတယ်။ အကောက်ခွန်က သူ့ရဲ့ သွင်းကုန်ထုတ်ကုန်ဒေတာကို သူ့ရဲ့ MACCS System က Commerce နဲ့ချိတ်ပြီး သူ့ရဲ့ Trade Net ထဲကို ထည့်လို့ရနေပါပြီ။ အဲဒါကို ကျွန်မတို့ အွန်လိုင်းနဲ့ ချိတ်ဆက်ပါတော့မယ်။

ယခုနှစ် ဇန်နဝါရီလကနေ စလုပ်နေပါပြီ။ စလုပ်လို့ အောင်မြင်သွားတယ်ဆိုရင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ CMP အထည်ချုပ်လုပ်ငန်းရှင်အသင်းတို့အတွက် ဘာအကျိုးရှိလာမလဲဆိုတော့ လုပ်ငန်းရှင်တွေက ကျွန်မတို့ဆီလာပြီး ဘယ်ပစ္စည်း၊ ဘယ်လောက်သွင်းတယ်၊ ဘယ်လောက်ထွက်သွားတယ်၊ ဘယ်လောက်ကျန်တယ်ဆိုတာ လာတွက်စရာမလိုတော့ပါဘူး။ သူက တစ်ခါတည်း အင်တာနက်ကနေ သူ့ရဲ့ သွင်းတဲ့ပစ္စည်းက ဘယ်လောက်၊ သူ့ထုတ်ကုန်အတွက် သုံးလိုက်တာက ဘယ်လောက်၊ လက်ကျန်က ဘယ်လောက် တစ်ခါတည်း ပေါ်သွားမယ်ဆိုရင် အမှန်ထွက်လာတော့မယ်။ မဟုတ်တာလည်း ပြလို့မရပါဘူး။

အဲဒီအခါကျရင် လိုင်စင်လျှောက်ဖို့ အွန်လိုင်းကို တက်လိုက်တဲ့အခါ ကုန်ကြမ်းအများကြီး တင်သွင်းပြီး ပြန်မပို့တဲ့သူဆိုရင် လိုင်စင်ရကို ရမလာတော့ပါဘူး။ အဲဒီလိုတွေ ဖြစ်လာတဲ့အထိ ကျွန်မတို့က ဆောင်ရွက်နေပါပြီ။ ယခုနှစ် ဇန်နဝါရီလမှာ ဆောင်ရွက်တာ အောင်မြင်ခဲ့ရင် Trading Across Border လည်း တော်တော်အဆင်ပြေသွားမယ်လို့ ထင်ပါတယ်။ အဲဒီအခါကျရင် Process တွေက တော်တော်လေး လျော့သွားမှာ ဖြစ်ပါတယ်။

ကျွန်မတို့ဆီကိုလာပြီး စာရင်းတွေ ရှင်းစရာမလိုတော့ဘူး။ နောက်ပြီး လုပ်ငန်းရှင်ဆိုရင်လည်း သူ့စားပွဲမှာ သူထိုင်ပြီး Username နဲ့ Password ရိုက်ထည့်လိုက်တာနဲ့ သူ့ရဲ့ပစ္စည်း ဘယ်လောက်တင်သွင်းတယ်၊ ဘယ်လောက်ထွက်သွားတယ်ဆိုတာ ကအစ စာရင်းကို အမှန်အတိုင်း အတိအကျသိနိုင်မှာဖြစ်တဲ့အတွက် ဒါကိုလည်း ပူးပေါင်းဆောင်ရွက်နေတာ ရှိပါတယ်။

နောက်တစ်ခုက DG ပြောခဲ့တဲ့ Cooperate Governance Code ကိုလည်း မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ကုန်သည်/စက်မှုအသင်းချုပ်နဲ့ လုပ်ငန်းရှင်အားလုံး ၁၁ ဦး ပါဝင်တဲ့ Myanmar Institute of Directors – MIOD ကနေ လုပ်နေပါတယ်။ ဒါက မြန်မာနိုင်ငံမှာရှိတဲ့ Cooperate Governance ကို ကျွန်မတို့က Training ပေးနေတာပါ။ DG တို့ရဲ့ Company Law မှာ ဒါရိုက်တာတစ်ယောက်ရဲ့ တာဝန်ကဘာလဲ၊ သူသည် ပွင့်လင်းမြင်သာမှုရှိရမယ်။ သူသည် ဘယ်လို တာဝန်ယူရမယ်ဆိုတဲ့အပိုင်းမျိုးမှာ MIOD က အများကြီး အထောက်အကူပြုသွားမယ်။

နိုင်ငံတော်အစိုးရရဲ့ ဝန်ကြီးဌာနတွေက ပြုပြင်ပြောင်းလဲတဲ့အချက်အပေါ်မှာ ပုဂ္ဂလိကကဏ္ဍကလည်း ဒါကိုလိုက်ပြီး ပူးပေါင်းဆောင်ရွက်နေတာလို့ ပြောချင်တာ ဖြစ်ပါတယ်။ လိုအပ်နေပေမယ့် ကြိုးစားနေပါတယ်။

**အစီအစဉ်မှူး ။ ။ ဒုတိယဝန်ကြီးကို မေးချင်တာက ရှေ့ဆက်လက်ပြီး ဆောင်ရွက်သွားမယ့် အစီအမံတွေရှိတယ်ဆိုရင်လည်း ပြည်သူတွေ သိရှိအောင် ရှင်းပြပေးပါဦး။**

**ဦးအောင်ထူး** ။ ။ကျွန်တော်တို့က အထောက်အကူပြုအဖွဲ့အားလုံးမှာ အနည်းဆုံး တစ်နှစ်မှာ ပြုပြင်ပြောင်းလဲမှု ၃ ချက် လုပ်ရမယ်ဆိုပြီး တောင်းခံပါတယ်။ ဒီနှစ်အတွင်းမှာ လုပ်ရမယ့် ပြုပြင်ပြောင်းလဲမှုက အချက် ၄၀ လောက် ရပါတယ်။ အဲဒီအချက် ၄၀ အပေါ်မှာ အခြေခံပြီး ကာလတို၊ ကာလလတ်နဲ့ ကာလရှည် ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတဲ့ Action Plan လုပ်ငန်းအစီအစဉ်ကို ကျွန်တော်တို့က ရေးဆွဲပါတယ်။ ရေးဆွဲပြီးမှ ဒါကို အကောင်အထည်ဖော်ဖို့ လုပ်ပါတယ်။ အကောင်အထည်ဖော်တဲ့ အဆင့်တိုင်းမှာလည်း နှစ်ပတ်တစ်ကြိမ် အစည်းအဝေးလုပ်ပြီး ဒါတွေကို Follow up လုပ်ပြီးမှ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရည်မှန်းချက်က မကြာမီကာလအတွင်းမှာ ကမ္ဘာ့ဘဏ်ရဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရ လွယ်ကူမှုအဆင့်မှာ ၁၀၀ အောက်ကို ရောက်အောင်လို့ စဉ်ဆက်မပြတ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း နိုင်ငံတော်အစိုးရ အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌအနေနဲ့ အစဉ်တစိုက် ကျွန်တော်တို့ကို ကြီးကြပ်လမ်းညွှန်မှုတွေ ပြုလုပ်ပေးနေပါတယ်။ သူ့ရဲ့ ကြီးကြပ်လမ်းညွှန်မှု၊ အားပေးမှုတွေနဲ့ ကျွန်တော်တို့ မမိုတ်မသုန် အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ကြည့်မယ်ဆိုရင် အာဆီယံနိုင်ငံထဲမှာ စီးပွားရေးအားဖြင့် အနိမ့်ကျဆုံး ဖြစ်တယ်ဆိုတာကို တွေ့ရပါတယ်။

အဲဒီတော့ ကျွန်တော်တို့ရဲ့ ခံယူချက်က ငြိမ်းချမ်းရေးသီချင်းမှာလို မငြိမ်းချမ်းလို့ မဖြစ်ဘူးဆိုသလို ကျွန်တော်တို့က စီးပွားရေး မဖွံ့ဖြိုးလို့မဖြစ်ဘူးဆိုတဲ့ ခံယူချက်နဲ့ ဆောင်ရွက်နေတယ်လို့ ပြောကြားချင်ပါတယ်။

**အစီအစဉ်မှူး ။ ။ စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်း အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့အနေနဲ့ အနာဂတ်အခြေအနေ အလားအလာ ဘယ်လိုရှိမယ်လို့ မျှော်လင့်ထားပါသလဲခင်ဗျာ။**

**ဦးသန့်စင်လွင်** ။ ။ စီးပွားရေးလုပ်ငန်းတစ်ခုစတင်ခြင်းကို ကျွန်တော်တို့ တာဝန်ယူနေတဲ့အပိုင်းကို ခုနက ကျွန်တော်ရှင်းပြသွားတဲ့ အချက် ၄ ချက်အပေါ် မူတည်ပြီး ပြန်တွက်မယ်ဆိုရင် ၂ ချက်က လုပ်ဖို့မလိုတော့ပါဘူး။ ကျန်တဲ့ ၂ ချက်က လုပ်ဖို့လိုပါသေးတယ်။ အဲဒါက စီးပွားရေးလုပ်ငန်းတွေ စတင်ရာမှာ အဆင့်၊ ကြာမြင့်တဲ့အချိန် ဒီနှစ်ခုကို လျှော့ဖို့ လိုလာပါတယ်။

ကျွန်တော်တို့ဌာနအနေနဲ့ လုပ်စရာရှိတာ တော်တော်များများ လုပ်ပြီးပါပြီ။ အားလုံးသိကြတဲ့အတိုင်းပါ နည်းပညာကို အသုံးပြုထားတယ်ဆိုရင် တော်တော်များများက အဆင်သင့်ဖြစ်နေတာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒီအဆင့်တွေ လျှော့အောင် အခြားဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။ ပူးပေါင်းဆောင်ရွက်ဖို့လည်း ကျွန်တော်တို့မှာ သာကေတွေ ရှိပါတယ်။

နောက်တစ်ခုက ဒါနဲ့ပတ်သက်ပြီး ပါလာတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုလုပ်ရာမှာ ငွေကြေးအကျပ်အတည်း ဖြစ်ပေါ်လာရင် ဖြေရှင်းတဲ့နည်းလမ်း Insolvency Law ကို ပြည်သူ့လွှတ်တော်က အတည်ပြုလိုက်ပြီဆိုရင် Insolvency Law အရ ဖြစ်ပေါ်လာတဲ့ လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီကို မှတ်တမ်းတင်ရမှာ ဖြစ်ပါတယ်။ ဒီလို မှတ်တမ်းတင်ဖို့လည်း ကျွန်တော်တို့က အသင့်ဖြစ်နေပါပြီ။ ဒါကတစ်ချက်ပါ။

နောက်တစ်ချက်က မြန်မာနိုင်ငံ ငွေကြေးခဝါချမှုဥပဒေအရ ပေါ်ပေါက်လာတဲ့ အကျိုးအမြတ်ပိုင်ဆိုင်မှုဆိုင်ရာ ဖော်ထုတ်မှု ဒါနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ လိုအပ်တဲ့ မှတ်ပုံတင်မှု၊ လိုအပ်တဲ့ ကြေညာချက်တွေကို ပြင်ဆင်ပေးနေပါတယ်။ အလားတူ အလုပ်သမားနဲ့ ပတ်သက်တာ၊ အကောက်ခွန်နဲ့ ပတ်သက်တာ၊ ပြည်တွင်းအခွန်နဲ့ ပတ်သက်တာ၊ လူမှုဖူလုံရေးနဲ့ ပတ်သက်တာ ဒါတွေဆိုရင်လည်း ကျွန်တော်တို့ဘက်က လမ်းဖွင့်ပြီး ချိတ်ဆက်ရမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ဌာနအနေနဲ့ ကိုယ့်ဟာကို ဌာနတစ်ခုတည်းအနေနဲ့ တက်သွားလို့မပြီးဘဲ အခြားဌာနတွေကိုပါ နားလည်ပြီး လိုက်ပါဆောင်ရွက်နိုင်အောင် ချိတ်ဆက်ရမှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ဖို့ကိုလည်း ခွင့်ပြုချက်ရရှိထားပြီး ဖြစ်ပါတယ်။

ငွေရေးကြေးရေးကအစ လိုအပ်တဲ့ အချိန်မှာ ဖြည့်စွက်ပေးဖို့ဆိုတာလည်း ရရှိပြီးဖြစ်ပါတယ်။ အဲဒီတော့ နည်းပညာ အကူအညီနဲ့ အခြားလိုအပ်တဲ့ ဌာနတွေကို ချိတ်ဆက်ဖို့ ဆက်လက်ဆောင်ရွက်နေတာ ဖြစ်တဲ့အတွက် လာမယ့်စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်းမှာ အခြေအနေကောင်းတစ်ခုရမယ်လို့ ကျွန်တော်တို့ မျှော်လင့်ထားပါတယ်။

တစ်လက်စတည်း ကျွန်တော်တို့ ဌာနက တာဝန်ယူဆောင်ရွက်တဲ့ လူနည်းစု ရင်းနှီးမြှုပ်နှံသူတွေ အကာအကွယ်ပေးရေးဆိုင်ရာနဲ့ ပတ်သက်လို့လည်း ပြည့်ပြည့်စုံစုံ ရှင်းပြခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နည်းပညာကို အသုံးပြုခြင်း၊ အသုံးပြုတဲ့ နည်းပညာကို အခြားအဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေ၊ သက်ဆိုင်သောဌာနတွေကို ဖြန့်ဝေခြင်း၊ နောက်တစ်ခုက ကျွန်တော်တို့မှာ ရှိပြီးသားလုပ်ပြီးသား အခြေခံရှိတဲ့ အချက်အလက်တွေကို သိအောင်ကြေညာခြင်း၊ လုပ်ဆောင်မှု ရှိမရှိကို လိုက်လံကြည့်ရှုခြင်း၊ နောက်ဆုံးတစ်ချက်က အားလုံးမှာ အချုပ်ဖြစ်တဲ့ နည်းပညာနဲ့ အခက်အခဲတွေကို ကျော်လွှားမယ်လို့ ကျွန်တော်တို့ ပြင်ဆင်ပြီး ကြိုတင်စီစဉ်ဆောင်ရွက်နေပါတယ်လို့ တင်ပြချင်ပါတယ်။

> **ကမ္ဘာ့ဘဏ်ရဲ့ Ease of Doing Business ကို စောင့်ကြည့်နေတဲ့အဖွဲ့ကို ဆက်သွယ်ရပါတယ်။ ကျွန်တော်တို့ လုပ်ဆောင်နေတာကို ရှင်းပြရပါတယ်။ ဒီဟာတွေကို ပူးပေါင်းပြီး လုပ်ဆောင်နိုင်မယ်ဆိုရင် အနည်းစု အစုရင်းနှီးမြှုပ်နှံသူတွေကို အကာအကွယ်ပေးခြင်း အညွှန်းကိန်းအမှတ်က တက်လာမယ်လို့ မျှော်လင့်ရပါတယ်**

*စာမျက်နှာ ၁၂ သို့*

# ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် ကိုရိုနာဗိုင်းရပ်စ် (အဆုတ်ရောင်ရောဂါ) ဖြစ်ပွားမှု ဖြစ်စဉ်နှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ဂိတ်များတွင်လည်းကောင်း၊ ဆေးရုံအခြေပြုအဖြစ်လည်းကောင်း၊ ပြည်သူလူထုအခြေပြု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများဖြင့်လည်းကောင်း၊ ပုဂ္ဂလိကဆေးရုံများနှင့် ပူးပေါင်း၍လည်းကောင်း ဆက်လက်ဆောင်ရွက်လျက်ရှိရာ တရုတ်နိုင်ငံ Shandong Province အတွင်းရှိ Weihaiမြို့မှ မြန်မာနိုင်ငံသို့ ဇန်နဝါရီ ၂၉ရက် ညနေပိုင်းက ရောက်ရှိလာသောအသက် (၂၈ နှစ်) အရွယ် အမျိုးသားတစ်ဦးသည် ဖေဖော်ဝါရီ ၅ ရက် ညပိုင်းတွင် ကိုယ်အပူချိန်မြင့်မားခြင်းနှင့် လည်ချောင်းနာခြင်း လက္ခဏာများ စတင်ဖြစ်ပွားခဲ့သဖြင့် ဖေဖော်ဝါရီ ၆ ရက်က ပုဂ္ဂလိကဆေးရုံတစ်ခုသို့ သွားရောက်ပြသခဲ့ရာ ၎င်းဆေးရုံမှ ဝေဘာဂီအထူးကုဆေးရုံသို့ ညွှန်းပို့လွှဲပြောင်းကုသပြီး စစ်ဆေးရာတွင် အခြားပြင်းထန် အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများ မတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ ည ၇နာရီ ၁၅ မိနစ်က သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါလူနာအား ဝေဘာဂီအထူးကုဆေးရုံတွင် စောင့်ကြပ်ကြည့်ရှုကုသမှုများပေးလျက်ရှိပြီး ၎င်းထံမှ ဓာတ်ခွဲနမူနာအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ရည်ညွှန်းဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးသွားမည်ဖြစ်ကာ လူနာနှင့် အနီးကပ်ထိတွေ့ခဲ့သော ဧည့်လမ်းညွှန်အား ဝေဘာဂီအထူးကုဆေးရုံတွင်ထားရှိပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်းနှင့် ယနေ့ ညနေ ၆ နာရီအထိ မြန်မာတစ်နိုင်ငံလုံး၌ သံသယလူနာ နှစ်ဦးအပါအဝင် လူနာ ခုနစ်ဦးတို့အား သက်ဆိုင်ရာဆေးရုံများတွင် ဆက်လက်စောင့်ကြပ်ကြည့်ရှုကုသမှုပေးလျက်ရှိပြီး ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**

**2019-nCoV လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါအတွက် ဓါတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၆-၂-၂၀၂၀ ရက်နေ့၊ ညနေ (၆း၄၅) နာရီ)**

| ဓါတ်ခွဲနမူနာနံပါတ် | ဆေးရုံအမည် | ကျား/မ | အသက် | NHL မှ ဓါတ်ခွဲနမူနာ ရရှိသည့်ရက် | ရည်ညွှန်း ဓါတ်ခွဲခန်းသို့ ပေးပို့သည့်ရက် | ဓါတ်ခွဲအဖြေ ရရှိသည့်ရက် | 2019-nCoV တွေ့ရှိမှု |
|---|---|---|---|---|---|---|---|
| 001/2020 | ဝေဘာဂီအထူးကုဆေးရုံ | ကျား | ၅၅ နှစ် | ၃၁-၁-၂၀၂၀ | ၁-၂-၂၀၂၀ | ၃-၂-၂၀၂၀ | မတွေ့ရှိ |
| 002/2020 | လှိုင်ကော်ပြည်သူ့ဆေးရုံကြီး | မ | ၂ နှစ် ၂ လ | ၂-၂-၂၀၂၀ | ၃-၂-၂၀၂၀ | ၅-၂-၂၀၂၀ | မတွေ့ရှိ |
| 003/2020 | ဝေဘာဂီအထူးကုဆေးရုံ | ကျား | ၁၅ နှစ် | ၂-၂-၂၀၂၀ | ၃-၂-၂၀၂၀ | ၅-၂-၂၀၂၀ | မတွေ့ရှိ |
| 004/2020 | ကျိုင်းတုံပြည်သူ့ဆေးရုံ | မ | ၁ နှစ် ၂ လ | ၂-၂-၂၀၂၀ | ၃-၂-၂၀၂၀ | ၅-၂-၂၀၂၀ | မတွေ့ရှိ |
| 005/2020 | နေပြည်တော် (၁၀၀၀) ပြည်သူ့ဆေးရုံကြီး | ကျား | ၂၉ နှစ် | ၂-၂-၂၀၂၀ | ၃-၂-၂၀၂၀ | ၅-၂-၂၀၂၀ | မတွေ့ရှိ |
| 006/2020 | ဝေဘာဂီအထူးကုဆေးရုံ | ကျား | ၃၂ နှစ် | ၃-၂-၂၀၂၀ | ၄-၂-၂၀၂၀ | အဖြေမရရှိသေးပါ | |
| 007/2020 | မင်းပြားမြို့နယ်ဆေးရုံ | ကျား | ၃၈ နှစ် | ၃-၂-၂၀၂၀ | ၄-၂-၂၀၂၀ | အဖြေမရရှိသေးပါ | |
| 008/2020 | ရန်ကင်းကလေးဆေးရုံကြီး | မ | ၂၄ နှစ် | ၅-၂-၂၀၂၀ | ၆-၂-၂၀၂၀ | အဖြေမရရှိသေးပါ | |
| 009/2020 | ရန်ကင်းကလေးဆေးရုံကြီး | ကျား | ၂ နှစ် | ၅-၂-၂၀၂၀ | ၆-၂-၂၀၂၀ | အဖြေမရရှိသေးပါ | |
| 010/2020 | နမ္မတူပြည်သူ့ဆေးရုံ | ကျား | ၄၅ နှစ် | ၅-၂-၂၀၂၀ | ၆-၂-၂၀၂၀ | အဖြေမရရှိသေးပါ | |

NHL – National Health Laboratory = အမျိုးသားကျန်းမာရေးဓါတ်ခွဲမှုဆိုင်ရာဌာန

*စာမျက်နှာ ၁၁ မှ*

**အစီအစဉ်မှူး ။ ။ ဆောက်လုပ်ခွင့် ရယူခြင်း အညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့အနေနဲ့ ရှေ့အနာဂတ် အလားအလာ အခြေအနေ ဘယ်လိုရှိမယ်လို့ မျှော်လင့်ထားပါသလဲခင်ဗျာ။**

**ဒေါ်လှိုင်မော်ဦး ။ ။** DG ပြောသလိုပါပဲ နည်းပညာတစ်ခုဖြစ်တဲ့ အွန်လိုင်းစနစ်ကို ဆောင်ရွက်နေတာရှိပါတယ်။ ကျွန်မတို့ဒါက ရန်ကုန်မြို့မှာ ဆောင်ရွက်နေတဲ့ အပိုင်း ဖြစ်ပါတယ်။ ထိရောက်နိုင်ခြေအပေါ် မူတည်ပြီး ခွင့်ပြုမိန့်တွေကို ထုတ်ပေးတဲ့ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ အစီအစဉ်မျိုးကို အွန်လိုင်းမလုပ်ရင်လည်း မြန်မာနိုင်ငံမှာရှိတဲ့ အခြားမြို့တွေက ဒီအပေါ်မှာ မူတည်ပြီး ထိခိုက်နိုင်ခြေနည်းရင် နည်းသလို ခွင့်ပြုမိန့်တွေကို မြန်မြန်ဆန်ဆန် ထုတ်ပေးတဲ့ နည်းလမ်းကို ကျင့်သုံးလို့ရအောင်လည်း ကျွန်မတို့ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးနေပါတယ်။ ဒါကို မှျဝေပေးနေပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ရဲ့ အထောက်အကူပြုအဖွဲ့ထဲမှာ မန္တလေးနဲ့ နေပြည်တော်တို့လည်း ပါပါတယ်။ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်စည်ပင်သာယာရေး ကော်မတီတွေလည်း ပါပါတယ်။ အဲဒီတော့ အဆောက်အဦခွင့်ပြုမိန့်နဲ့ ပတ်သက်ပြီးပေးနေတဲ့ အထူးသဖြင့် တိုင်းဒေသကြီးနဲ့ ပြည်နယ် စည်ပင်သာယာရေးကော်မတီတွေမှာရှိတဲ့ အဆောက်အဦတွေ တော်တော်များများက ထိခိုက်နိုင်ခြေနည်းတဲ့ အဆောက်အဦ အနိမ့်တွေပါ။ လွယ်လွယ်ကူကူ ဆောင်ရွက်နိုင်ဖို့ကို ဝိုင်းပြီးကူပေးနေပါတယ်။ မြို့ကြီးတွေဖြစ်တဲ့ မန္တလေးနဲ့ နေပြည်တော်တို့ကလည်း ကျွန်မတို့သုံးနေတဲ့ အွန်လိုင်းစနစ် အောင်မြင်ရင် မျှဝေဆောင်ရွက်ဖို့လည်း အစီအစဉ်ရှိပါတယ်။ ဒါပေမယ့် ခုနက ကျွန်မပြောသလိုပါပဲ။ ဒါက ကျွန်မတို့ တစ်ဌာန တည်းလုပ်လို့ရတဲ့အပိုင်းကို ဆောင်ရွက်နေတာရှိသလို အခြားဌာနတွေနဲ့ ပူးပေါင်း ဆောင်ရွက်ရတာတွေလည်း ရှိပါတယ်။ ဥပမာ – မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့လို အခြားဌာနတွေနဲ့လည်း ညှိနှိုင်းဆောင်ရွက်နေပါတယ်။

အဲဒီအပိုင်းတွေကို ကျွန်မတို့ တစ်ဌာနတည်းလုပ်လို့ရတာတွေ အကုန်လုပ်ပြီးရင် ဒါမှမဟုတ် အဆင့်တွေ၊ အချိန်တွေနဲ့ ပတ်သက်တဲ့အပိုင်းတွေကိုလုပ်ပြီးရင် အရည်အသွေး Insurance နဲ့ပတ်သက်တဲ့ မူဝါဒပိုင်းဆိုင်ရာတွေ၊ နည်းဥပဒေပိုင်းဆိုင်ရာတွေ ပါလာပါတယ်။ ဥပမာ အာမခံပေးတဲ့ကိစ္စမျိုးတွေဆိုရင်လည်း ကျွန်မတို့ဘက်က လေ့လာပြီး နှစ်ပတ်တစ်ခါ တွေ့တာရှိပါတယ်။ တစ်လတစ်ခါ တွေ့တာရှိပါတယ်။

ဒီလိုအခြေအနေတွေမှာ အခြားဌာနတွေနဲ့ ပေါင်းစပ်ပြီး မူဝါဒပိုင်းကိစ္စတွေကိုလည်း တင်ပြနေတာရှိတော့ ကျွန်မတို့ စီးပွားရေး ပတ်ဝန်းကျင်ကောင်းတစ်ခုကို မကြာခင် ဖန်တီးနိုင်မယ်လို့ ကျွန်မအနေနဲ့ မျှော်လင့်ပါတယ်။ ယုံကြည်ပါတယ်။ အားလုံးက စိတ်ဆန္ဒရှိနေကြပါတယ်။

ကျွန်မတို့ နိုင်ငံမှာ စီးပွားရေးဝန်းကျင်ကောင်း ပေါ်ပေါက်ဖို့ဆန္ဒရှိနေကြပါတယ်။ ကြိုးစားနေကြပါတယ်။ တစ်ဦးချင်းလည်း ကြိုးစားနေကြပါတယ်။ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်မှုတွေလည်း လုပ်နေကြပါတယ်။ ဒီအပြင်မှာ ကျွန်မတို့ ခုနကပြောတဲ့ မူဝါဒပိုင်း၊ နည်းဥပဒေပိုင်း၊ ဥပဒေပိုင်း၊ လုပ်ထုံးလုပ်နည်းပိုင်းတွေကိုလည်း ကျွန်မတို့ရဲ့ အထက်မှာရှိတဲ့ ပုဂ္ဂိုလ်တွေက တကယ်ကို အားပေးဆောင်ရွက်နေတာဖြစ်လို့ ကျွန်မအနေနဲ့က အနာဂတ်ကာလမှာ စီးပွားရေးဆိုင်ရာ လုပ်ငန်းတွေ ပိုမိုပွင့်လန်းလာမယ်လို့ ယူဆပါတယ်။

**အစီအစဉ်မှူး ။ ။ ဟုတ်ကဲ့ပါ။ ဒီတစ်ခါ ပုဂ္ဂလိကကဏ္ဍအနေနဲ့ အနာဂတ်အခြေအနေ၊ အလားအလာဘယ်လိုရှိမယ်လို့ မျှော်လင့်ထားပါသလဲ။**

**ဒေါ်ခိုင်ခိုင်နွယ် ။ ။** Doing Business ကို တိုင်းတာကိုက အဓိကအချက် သုံးချက် ဖြစ်ပါတယ်။ အချိန်သက်သာမယ်၊ စရိတ်သက်သာမယ်၊ အဆင့်တွေလျော့သွားမယ်။ ဒီ သုံးခုစလုံး ပုဂ္ဂလိကကဏ္ဍတွေက ကြိုက်တာပဲလေ။ ဒီအမှတ်တက်တယ်ဆိုတာက ပုဂ္ဂလိကဘက်က ကောင်းတယ်လို့ပဲ တွက်ပါတယ်။

အမှတ်တက်ဖို့အတွက်ကို ပူးပေါင်းဆောင်ရွက်မှုတွေလည်း လုပ်ပါတယ်။ လုပ်ငန်းအတွက်လည်းပါသလို တိုင်းပြည်အတွက်လည်း ပါပါတယ်။ ဒါကြောင့် ပူးပေါင်းဆောင်ရွက် ပါတယ်။ ဒါပေမယ့် တစ်ခါတစ်ရံမှာ ပုဂ္ဂလိကကဏ္ဍက လိုအပ်တာလေးတွေကျရင် အသံလေးတွေ နည်းနည်းပေးတတ်တာလေးတွေ ရှိပါတယ်။ အသံပေးတဲ့အခါမှာ နားလည်ပေးဖို့ပါ။

အဲဒါက ဒီဘက်နောက်ပိုင်း တော်တော်လေး နားလည်လာတော့ အပြုသဘောဆောင်တဲ့ အသံပေးမှု၊ ဒါလေးတော့ ခက်ခဲပါတယ်။ ဒါလေးကို ပြောင်းပေးပါဆိုပြီး ပူဆာသလိုမျိုးလေးပေါ့လေ၊ ဒါလေးကို နားလည်ပေးပြီး အတူတူပူးပေါင်းပြီး ပြောင်းလဲကြတယ်ဆိုရင် ရှေ့အနာဂတ်မှာ ကောင်းလာမှာပါလို့ အသံလေးနည်းနည်းထွက်တာတော့ သည်းခံနားလည်ပေးပြီး ပူးပေါင်းဆောင်ရွက်ပေးပါလို့ ပြောချင်ပါတယ်။

**ဒေါ်လှိုင်မော်ဦး ။ ။** ကျွန်မ တစ်ခုလေး ထပ်ဖြည့် ပြောချင်ပါတယ်။ ကျွန်မတို့က ရိုးရှင်းဖို့၊ လွယ်ကူဖို့၊ မြန်ဆန်ဖို့၊ သက်သာဖို့ လိုသလို တစ်ဖက်မှာလည်း အရည်အသွေး အနေနဲ့ အာမခံချက်ရှိဖို့ လိုပါတယ်။ ဒါကြောင့် ကျွန်မတို့ တစ်ဖက်က ဖြေလျှော့ပေးနေသလို တစ်ဖက်က ထိန်းချုပ်နိုင်မယ့် အာမခံချက်နဲ့ ပတ်သက်တဲ့ ဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းတွေလည်း လိုမှာဖြစ်ပါတယ်။ လွယ်ပြီး၊ မြန်ပြီး၊ သက်သာပြီး အာမခံချက်မရှိရင်လည်း ရေရှည်မှာကျတော့ ခုနပြောတဲ့ စီးပွားရေး ပတ်ဝန်းကျင်ကောင်း ဖြစ်မှာ မဟုတ်ပါဘူး။

ဒါကြောင့် အရည်အသွေးနဲ့ ပတ်သက်တဲ့ အပိုင်းကိုလည်း ကျွန်မဘက်က တစ်ခါတလေ ထိန်းချုပ်ရတာရှိခဲ့ရင်လည်း ပုဂ္ဂလိက ကဏ္ဍဘက်က နားလည်ပေးစေချင်ပါတယ်လို့ ပြောကြားချင်ပါတယ်။

**အစီအစဉ်မှူး ။ ။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ထပ်ပြီး ဘာများ ဖြည့်စွက်ပြောကြားချင်ပါသလဲ။**

**ဦးအောင်ထူး ။ ။** တခြားတော့ မရှိပါဘူး။ ဒီလိုဆွေးနွေးခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ များစွာဝမ်းမြောက်ပါတယ်။ နောက်တစ်ကြိမ် ဒီလိုတွေ့ဆုံပွဲဖြစ်လာတဲ့အခါ ဒီနှစ်မှာ တိုးတက်မှုရှိခဲ့သလို နောက်နှစ်မှာလည်း တိုးတက်မှုတွေရရှိလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

**အစီအစဉ်မှူး ။ ။ ဟုတ်ကဲ့ပါ ခင်ဗျာ။ ကျွန်တော်တို့ရဲ့ စီးပွားရေးစကားဝိုင်း အစီအစဉ်လေးကို ဒီမှာနိဂုံးချုပ်လိုက်ရအောင်ခင်ဗျာ။**

❍ *ကျောဖုံးမှ*

ဟိုချီမင်းစီးတီးအသင်းနှင့် ရန်ကုန်အသင်းတို့ပွဲကိုမူ မေ ၂၉ ရက်တွင် ဟိုချီမင်းမြို့၌ ကျင်းပမည်ဖြစ်သည်။ ၂၀၂၀ ရာသီ AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ်အသင်းများဖြစ်သည့် ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ခွင့်ရထားပြီး အာဆီယံဇုန်တွင် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ၂၀၁၉ ရာသီ ပြည်တွင်းလိဂ်ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရသော်လည်း ရှုံးထွက်ချန်ပီယံ ရန်ကုန်အသင်းမှာမူ ခြေစစ်ပွဲကစားပြီးမှ တက်ရောက်လာခြင်းဖြစ်သည်။ ၂၀၂၀ ရာသီ AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ်နှစ်သင်း ယှဉ်ပြိုင်ခွင့်ရထားပြီး အုပ်စု(F)တွင် ဟိုချီမင်းစီးတီး (ဗီယက်နမ်)၊ ဟောင်အန်ယူနိုက်တက် (စင်ကာပူ)၊ လာအိုတိုယိုတာ (လာအို)၊ ရန်ကုန် (မြန်မာ)၊ အုပ်စု (H) တွင် တမ်ပနိစ်ရိုဗာ (စင်ကာပူ)၊ ကာယာ (ဖိလစ်ပိုင်)၊ ရှမ်းယူနိုက်တက် (မြန်မာ) နှင့် မာကာဆာ (အင်ဒိုနီးရှား) တို့ ပါဝင်နေသည်။ AFC Cup ပြိုင်ပွဲ အုပ်စုပွဲများကို အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၁ ရက်မှ မေ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်အသင်းသည် အိမ်ကွင်းပွဲများကို သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်အပြောင်းအလဲကြောင့် နှစ်သင်းစလုံး အဖွင့်ပွဲများကို အိမ်ကွင်းကစားရမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၁ ရက်တွင် ရန်ကုန်အသင်းနှင့် ဗီယက်နမ်ကလပ် ဟိုချီမင်းစီးတီးအသင်း၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဖိလစ်ပိုင်ကလပ် ကာယာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ကာ ညနေ ၃ နာရီခွဲတွင် စတင်မည်ဖြစ်သည်။ **ညီမြတ်သော်တာ**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### ဂရီရယ်လစ်ကို ခေါ်ယူရေးတွင် ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ် ပါဝင်လာ

ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်အသင်းတို့သည် အက်စ်တွန်ဗီလာအသင်းမှ အင်္ဂလန်ကွင်းလယ်ကစားသမား ဂျက်ဂရီရယ်လစ် (၂၄နှစ်) ကို ခေါ်ယူရေးတွင် မန်ယူအသင်းနှင့်အပြိုင်ပါဝင်လာခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ကွင်းလယ်နှင့် နောက်ခံ ကစားသမား ခေါ်ယူရန် ဆန္ဒရှိ

အာဆင်နယ်နည်းပြ အာတီတာသည် နွေရာသီအပြောင်းအရွှေ့ဈေးကွက်ဖွင့်သည်နှင့်တစ်ပြိုင်နက် ကွင်းလယ်ကစားသမားနှစ်ဦးနှင့် နောက်ခံကစားသမားတစ်ဦး ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### အက်ဖ်အေဖလား ပဉ္စမအဆင့်တွင် ဒါဘီနှင့် မန်ယူ တွေ့ဆုံ

အင်္ဂလန် အက်ဖ်အေဖလားပြန်ကန်ပွဲစဉ်များအဖြစ် လီဗာပူးနှင့် ရှရူးဘူရီ၊ ဒါဘီနှင့် နော်သမ်တန်အသင်းတို့ ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ လီဗာပူးအသင်းက ရှရူးဘူရီအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဒါဘီက နော်သမ်တန်အသင်းကို လေးဂိုး-နှစ်ဂိုး အနိုင်ရရှိခဲ့ကြသည်။ ဝိန်းရွန်းနီ ပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိသော ဒါဘီအသင်းသည် အက်ဖ်အေဖလားပဉ္စမအဆင့်တွင် မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး လီဗာပူးအသင်းက ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

### ပေါ့ဂ်ဘာ အသင်းမှ ထွက်ခွာရန်ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြား

ပြင်သစ်ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဂ်ဘာ (၂၆နှစ်) သည် နွေရာသီအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းမှ ထွက်ခွာရန်ဆန္ဒရှိကြောင်း ၎င်း၏အသင်းဖော်များကို ထုတ်ဖော်ပြောကြားလိုက်သည်။

### ကော့ခ်ကူကို ခေါ်ယူရန် အာဆင်နယ် စိတ်ဝင်စား

အာဆင်နယ်အသင်းသည် ဗီယင်နုအသင်းမှ တူရကီ ယူ-၂၁ ကွင်းလယ်ကစားသမား ကော့ခ်ကူ (၁၉နှစ်) ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ဘင်ရာမာကို ပေါင် ၁၅ သန်းပေးချေပြီး အသင်းသို့ ခေါ်ယူလို

လက်စတာနှင့် နယူးကာဆယ်အသင်းတို့သည် ဘရန့်ဖို့ဒ်အသင်းမှ အယ်လ်ဂျီးရီးယား တောင်ပံကစားသမား ဘင်ရာမာ (၂၄နှစ်) ကို နွေရာသီအပြောင်းအရွှေ့ကာလတွင် ပေါင် ၁၅ သန်းပေးချေပြီး အသင်းသို့ခေါ်ယူရန် ပြင်ဆင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

**အောင်ဇော်**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရှွေလွှမ်း၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများနှင့် တာဝန်ရှိသူများ "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❁ *ကျော်ဖုံးမှ*

ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ/တိုင်းဦးစီးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ တိုင်းရင်းသား အသင်းအဖွဲ့များ၊ ကိုယ်စားလှယ်များ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဂုဏ်ပြုကျေးဇူးတင်စကားပြောကြားစဉ်။

## ခရီးသွားလုပ်ငန်းအလားအလာ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယခုပွဲတော်မှ "မငြိမ်းချမ်းလို့ မဖြစ်ဘူး" ဆိုသည့် အသံကို မိမိတို့ ထပ်မံကြားသိရပါကြောင်း၊ ယခုပွဲတော်မှ အမြောက်သံ ဗုံးသံ၊ သေနတ်သံအစား တိုင်းရင်းသားတေးသံများကို မိမိတို့ ကြားခဲ့ရပါကြောင်း၊ ရောင်စုံပန်းများ ဖူးပွင့်နေသည့် ပန်းဥယျာဉ်ကြီးဆီသို့ ရောက်ရှိနေသည့်အလား တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဝတ်စားဆင်ယင်မှုနှင့် အသုံးအဆောင်ပစ္စည်းတို့ကို တစ်ဂကြိမ် ကြည့်ရှုခံစားခွင့်ရပါကြောင်း၊ မိမိတို့၏တိုင်းရင်းသားဒေသ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည့် ခရီးသွားလုပ်ငန်း အလားအလာကောင်းတို့ကို မျှော်မှန်းခွင့် ရရှိခဲ့ပါကြောင်း၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်ခွင့် ရရှိခဲ့ပါကြောင်း၊ ယခုပွဲတော်၏ ရလဒ်အပေါ် နိုင်ငံတော်အကြီးအကဲများနှင့် တကွ တိုင်းရင်းသားများအားလုံး နှစ်ထောင်းအားရ ကျေနပ်မှုရရှိခဲ့ကြောင်းကိုလည်း ကြားသိရပါကြောင်း။

## ပြည်တွင်းစစ် ချုပ်ငြိမ်းသွားအောင်

အားလုံးသိကြသည့် အတိုင်း ယခင်က ပြည်ထောင်စုနေ့ အခမ်းအနားကို ကျင်းပလာခဲ့သည့် ကျိုက္ကဆံကွင်းကြီးသည် သမိုင်းဝင်နေရာတစ်ခု ဖြစ်သကဲ့သို့ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ပြသခွင့်ရှိသော ရန်ကုန်မြို့၏ အသည်းနှလုံးဘူမိနက်သန် မြေနေရာလည်း ဖြစ်ပါကြောင်း၊ ယခုလို ရာဇဝင်တွင်သည့်နေရာတွင် ခုနစ်ရက် ခုနစ်ည တိုင်တိုင် သွေးချင်းတို့ရဲ့ ပွဲတော် အခမ်းအနားကို ပျော်ပျော်ပါးပါး လွတ်လွတ်လပ်လပ် ကျင်းပခွင့်ရရှိခဲ့ပေမယ့်လည်း နှစ် (၇၀) ကျော်ကြာမြင့်နေပြီဖြစ်သည့် ပြည်တွင်းစစ်ကို လုံးဝချုပ်ငြိမ်းသွားအောင် ယခုအချိန်တွင် မလုပ်ဆောင်နိုင်သေးကြောင်း၊ ယခုအချိန်တွင် မလုပ်ဆောင်နိုင်သေးသော်လည်း အနာဂတ်တွင် လုပ်ဆောင်နိုင်မည့် စစ်မှန်သည့် ငြိမ်းချမ်းရေးသာ ရရှိခဲ့ပါက မပူမပင်၊ မကြောင့်ကြရဘဲ ယခုလိုမျိုး အေးချမ်းသာယာသည့် ငြိမ်းချမ်းရေး အသီးအပွင့်များကို မြင်တွေ့ခွင့်ရရှိနိုင်မည်ဆိုသည့် အသိတရားတစ်ခုကိုလည်း စစ်ရေးစစ်ရာတွင် ပါဝင်ပတ်သက်နေသူများ အားလုံးနှင့် ပြည်သူလူထု၏ ရင်ထဲသို့ အရောက်ထည့်ခွင့်ရရှိသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ဂုဏ်ပြုကျေးဇူးတင်စကားပြောကြားသည်။

## ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးယောဆက်နှင့် ကယားပြည်နယ် တိုင်းရင်းသား လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးထွန်းကျော်တို့က ပွဲတော်ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားများ ပြောကြားကြသည်။



ကယားပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးလှထွေး ကျေးဇူးတင်စကားပြောကြားစဉ်။



မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးယောဆက် ကျေးဇူးတင်စကား ပြောကြားစဉ်။



ကယားပြည်နယ်တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းကျော် ကျေးဇူးတင်စကား ပြောကြားစဉ်။

ဆက်လက်၍ အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းအတွက် အလှူငွေကျပ်သိန်း ၅၀ ကို ကယားပြည်နယ် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းကျော်က ပေးအပ်လှူဒါန်းသည်။

## ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

ထို့နောက် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသည့် ကုမ္ပဏီများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် အမှတ်တရဆုတံဆိပ်လက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီး ဒေါက်တာရှွေလွှမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့၏ ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့်ဇနီး၊ ဒုတိယဥက္ကဋ္ဌနှင့် ဇနီး၊ ကယားတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့နှင့် လည်းကောင်း၊ ကယားတိုင်းရင်းသားလုပ်ငန်းရှင်များ၏ အလုပ်အမှုဆောင်များ၊ ကိုယ်စားပြုစပွန်စာကိုယ်စားလှယ်များနှင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။



တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင် ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့သည့် အစိုးရဌာနများကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။



မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးယောဆက် ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့သည့် တိုင်းရင်းသားပြခန်းများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

## တိုင်းရင်းသူလှပျိုဖြူများ ဆုချီးမြှင့်

ထို့နောက် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ပြီး 2020 Miss Myanmar Ethnic ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် တိုင်းရင်းသူလှပျိုဖြူလေးများအား ဆုများချီးမြှင့်ပေးအပ်သည်။

သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ပွဲတော်ကို ဇန်နဝါရီ ၁ ရက်မှ ၇ ရက်အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပလျက်ရှိပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ ရရှိစေရန်၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု စေရန်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုများတိုးတက်ဖြစ်ထွန်းစေရန်၊ ရိုးရာအစားအစာများနှင့် ယဉ်ကျေးမှုများ အချင်းချင်းဖလှယ်ကြရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးနှင့် IDEMIA ကုမ္ပဏီအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၆



**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး မစ္စတာ ခရစ္စတီယန် လရှုရဗီနှင့် IDEMIA ကုမ္ပဏီမှ Vice President of Global Sales, Mrs. Sabine Dominget တို့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)

**e-ID စနစ် လုပ်ငန်းကော်မတီ ဖွဲ့စည်းဆောင်ရွက်နေ**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် e-Government ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှု၊ e-Government စနစ် အကောင်အထည်ဖော်နိုင်ရန် ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်သည့် e-ID စနစ်အတွက် e-ID စနစ် လုပ်ငန်းကော်မတီ ဖွဲ့စည်းဆောင်ရွက်နေမှု၊ ယင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍ နိုင်ငံအတွင်းနေထိုင်သူအားလုံးကို Biographic နှင့် Biometric Data များ ကောက်ယူ၍ လူတစ်ဦးချင်းစီအား Unique ID နံပါတ်တစ်ခုစီ သတ်မှတ်ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမည့် အစီအစဉ်။

ယင်းလုပ်ငန်းစဉ်ဆောင်ရွက်ရန် မြန်မာနိုင်ငံနှင့် ဩစတြေးလျနိုင်ငံ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်၍ လုပ်ငန်းဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ယခုအခါ ပြင်သစ်နိုင်ငံမှ စီးပွားရေး၊ ကျန်းမာရေးနှင့် နည်းပညာဆိုင်ရာတို့မှကုမ္ပဏီများ မြန်မာနိုင်ငံသို့ လာရောက်လေ့လာမှုနှင့် မြန်မာနိုင်ငံမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့မှု၊ ယင်းကုမ္ပဏီအသီးသီးမှ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် နယ်ပယ်စုံ၊ ကဏ္ဍစုံမှ ပူးပေါင်းကူညီ ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ယင်းကုမ္ပဏီများအနက် IDEMIA ကုမ္ပဏီမှ အခြားနိုင်ငံများ၌ နည်းပညာဆိုင်ရာ လုပ်ငန်းများတွင် ပံ့ပိုးကူညီဆောင်ရွက်နေမှု။

**မြန်မာနိုင်ငံ၏ ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်နိုင်ရေး**

မြန်မာနိုင်ငံ၏ e-Government စနစ် အောင်မြင်ရေးနှင့် e-ID ၊ e-passport ဆိုင်ရာ ဆောင်ရွက်မှုလုပ်ငန်းများ၌ IDEMIA ကုမ္ပဏီအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေနှင့် ပံ့ပိုးနိုင်မည့် နယ်ပယ်နှင့်ပတ်သက်၍ ပြင်သစ်သံရုံးမှတစ်ဆင့် တင်ပြဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ပြင်သစ်နိုင်ငံမှ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံ၏ ကဏ္ဍစုံ၌ ပူးပေါင်းကူညီဆောင်ရွက်နိုင်ရေးနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရေး အခြေအနေများ၊ မိမိဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် e-ID စနစ် အောင်မြင်ရေးအတွက် ဝန်ထမ်းများအား နည်းပညာဆိုင်ရာ သင်တန်းများ ပံ့ပိုးပေးနိုင်ရေးနှင့် အနာဂတ်တွင် နည်းပညာဆိုင်ရာကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# အင်္ဂလန်ကျား(ကျားဖောင်)လုပ်ငန်းနှင့် ၂၀၁၉-၂၀၂၀ ငါးမဖမ်းရရာသီ၊ ငါးမဖမ်းရဧရိယာ သတ်မှတ်ခြင်းအတွက် လုပ်ငန်းဆက်စပ်သူများ အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၆



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ အင်္ဂလန်ကျား (ကျားဖောင်)လုပ်ငန်းနှင့် ၂၀၁၉-၂၀၂၀ ပြည့်နှစ် ငါးမဖမ်းရရာသီ၊ ငါးမဖမ်းရဧရိယာ သတ်မှတ်ခြင်းအတွက် လုပ်ငန်းဆက်စပ်သူများ အစည်းအဝေးအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဖျာပုံမဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဆက်စပ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းအဖွဲ့များ၊ ကျားဖောင်လုပ်ငန်းရှင် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် ကျားဖောင်လုပ်ငန်းရှင်နှင့် ရေလုပ်သားများအကြား ဖြစ်ပေါ်နေသော ပြဿနာများ၊ လူကုန်ကူးခံရမှုများ၊ အဓမ္မခိုင်းစေမှုများ၊ လုပ်အား ခေါင်းပုံဖြတ်မှုများ၊ ရေလုပ်သား အာမခံထားရှိရေး ရေလုပ်ငန်းရှင်နှင့် ရေလုပ်သား နှစ်ဦးကြား သဘောတူညီမှုများ၊ Code of Conduct များ ထွက်ပေါ်လာရေး ဝိုင်းဝန်းဆွေးနွေးကြပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ငါးဖမ်းရေယာဉ် စစ်ဆေးရေးစခန်း တိုးမြှင့် ဖွင့်လှစ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးကို လည်းကောင်း၊ နော်ဝေနိုင်ငံမှ Dr. Fridtj of Nansen သုတေသနရေယာဉ်ဖြင့် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း၌ ၂၀၁၃ ခုနှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် သုတေသနပြု လေ့လာတွေ့ရှိချက်များအရ ရေပေါ်ငါးနှင့် ရေအောက် ငါးသယံဇာတများမှာ များစွာ လျော့နည်းသွားမှုများကြောင့် ယခုနှစ် ၂၀၁၉-၂၀၂၀ ငါးဖမ်းရာသီတွင် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ သုံးလကို ငါးမဖမ်းရရာသီအဖြစ် လည်းကောင်း၊ မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်ရှိ ငါးဖမ်းကွက်များအားလုံးကို ငါးမဖမ်းရဧရိယာအဖြစ် လည်းကောင်း ကမ်းဝေးငါးဖမ်းရေယာဉ်များအား ရာခိုင်နှုန်းပြည့် ပိတ်ပင်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သိန်း**

# (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ငြိမ်းချမ်းရေးအပြေးပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၆

၂၀၂၀ ပြည့်နှစ် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် အသက် (၁၅) နှစ်အောက် အမျိုးသား၊ အမျိုးသမီး ၅ ကီလိုမီတာ ငြိမ်းချမ်းရေးအပြေးပြိုင်ပွဲအား ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၆ နာရီတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပွဲတော်ကွင်းရှေ့မှ စတင်တာထွက်ကာ ရာဇဌာနီလမ်းမကြီးအတိုင်း နေပြည်တော်ကောင်စီဝင်းလမ်းဆုံမှ ပြန်လှည့်၍ စတင်တာထွက်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပွဲတော်ကွင်းသို့ ပြန်လည်ပန်းဝင်မည်ဖြစ်သည်။

(၇၃) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် Myanmar Union Day Peace Run ပြိုင်ပွဲကို Wave Plus သောက်ရေသန့်က ဆုကြေးငွေ၊ တီရှပ်၊ အချိုရည်၊ ရေသန့်နှင့် အာဟာရမုန့်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အပြေးပြိုင်ပွဲကျင်းပချိန်တွင် ယာဉ်များ ဖြတ်သန်းသွားလာခွင့်မပြုကြောင်း သိရသည်။

နေပြည်တော် (ပြန်/ဆက်)

# သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ နံနက် (၀၇:၀၀) အချိန်မှစ၍ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အခမ်းအနားကျင်းပစဉ် နံနက် (၀၆:၀၀) အချိန်မှစ၍ အခမ်းအနားပြီးဆုံးချိန်အထိ အောက်ဖော်ပြပါအတိုင်း ခေတ္တလမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊

(ခ) ဘဏ်လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း၊

(ဂ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်သဖြင့် မဟာဗန္ဓုလလမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်းမှလည်းကောင်း၊ ကုန်သည်လမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်းအတိုင်း မောင်းနှင်ကြပါရန်၊

(ဃ) အခမ်းအနားသို့တက်ရောက်လာသော ဧည့်သည်တော်များ၏ မော်တော်ယာဉ်များအား ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်းကြားရှိ ကုန်သည်လမ်းပေါ်တွင် လည်းကောင်း၊ ဘဏ်လမ်းပေါ်တွင် လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင်လည်းကောင်း ရပ်နားနိုင်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ **မိုး/ဇလ**

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးဇော်ဆွေ၏ ကြီးကြပ်မှုဖြင့် ဖေဖော်ဝါရီ ၅ ရက်က ဒဂုံတောင်မြို့နယ် (၅၄) ရပ်ကွက်ရှိ အထက (၆) ဒဂုံတောင်တွင် မူးယစ်ဆေးဝါး အသိပညာပေး ပြခန်းယာဉ်ဖြင့် ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါး အသိပညာပေး ဟောပြောဆောင်ရွက်စဉ်။ (၀၀၇)



## အိန္ဒိယနိုင်ငံရှိ ကော်ဇောစက်ရုံ၌ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ခုနစ်ဦး သေဆုံး

**နယူးဒေလီ ဖေဖော်ဝါရီ ၆**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ်ရှိ ကော်ဇောစက်ရုံတစ်ရုံအတွင်းမှ ယိုစိမ့်ခဲ့သည့် အန္တရာယ်ရှိ ဓာတ်ငွေ့များ ရှူရှိုက်မိခဲ့မှုကြောင့် လူခုနစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ဥတ္တာပရာဒေ့ရှ် ပြည်နယ်မြို့တော်လက်ခနောင်း မြောက်ဘက်မှ ၇၅ ကီလိုမီတာအကွာ စီတာပါဒေသရှိဂျာလာပါကျေးရွာ၌ ဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဒေသမှ အာဏာပိုင်က ပြောသည်။

ရဲများသည် သတင်းရလျှင်ရချင်း စုံစမ်းစစ်ဆေးရန် အလျင်အမြန် ရောက်ရှိခဲ့သည်။ အဆိပ်ဓာတ်ငွေ့ရှူရှိုက်မိမှုကြောင့် သေဆုံးသွားသူများထဲတွင် အမျိုးသမီးနှစ်ဦးနှင့် ကလေးငယ်သုံးဦး ပါဝင်ကြောင်းသိရသည်။

အဆိုပါဖြစ်ရပ်တွင် သေဆုံးခဲ့သူများအတွက် စိတ်မကောင်းဖြစ်မိကြောင်း ဥတ္တာပရာဒေ့ရှ်ဝန်ကြီးချုပ်ယိုဂီ အဒစ်သယာနတ်က ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## သီရိလင်္ကာလေဆိပ်၌ ဆိုက်ရောက်ဂိတ် အဆောက်အအုံသစ် တည်ဆောက်မည်

**ကိုလံဘို ဖေဖော်ဝါရီ ၆**

သီရိလင်္ကာအစိုးရသည် နိုင်ငံအတွင်းသို့ ရောက်ရှိလာသည့် ခရီးသည်အမြောက်အမြားကို လက်ခံနိုင်ရန်အတွက် ဘန္ဒာရနာယကေး နိုင်ငံတကာလေဆိပ်၌ ဆိုက်ရောက်ဂိတ် အဆောက်အအုံသစ်တစ်ခုကို မကြာမီ တည်ဆောက်မည် ဖြစ်ကြောင်း ဒေသမီဒီယာက ဖေဖော်ဝါရီ ၆ ရက်တွင် ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံက အမေရိကန်သွင်းကုန်များကို ဖေဖော်ဝါရီ ၁၄ ရက်တွင် အခွန်လျှော့ချ ကောက်ခံမည်

**ပေကျင်း ဖေဖော်ဝါရီ ၆**

တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၇၅ ဘီလီယံတန်ဖိုးရှိ အမေရိကန်သွင်းကုန်များအပေါ် ဖေဖော်ဝါရီ ၁၄ ရက်မှစပြီး အခွန်ထက်ဝက် လျှော့ချကောက်ခံသွားမည် ဖြစ်ကြောင်း တရုတ်နိုင်ငံက ဖေဖော်ဝါရီ ၆ ရက်တွင် ပြောကြားလိုက်သည်။

အမေရိကန်နှင့် တရုတ်နိုင်ငံတို့ ကာလရှည်ကြာ ကုန်သွယ်ရေးစစ်ပွဲ ပထမအဆင့်လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးနောက် ယခုလို အမေရိကန်သွင်းကုန်များကို အခွန်ထက်ဝက် လျှော့ချကောက်ခံမည့် သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

ယခုပြုလုပ်လိုက်သည့် အခွန်လျှော့ချကောက်ခံမှုသည် လွန်ခဲ့သောစက်တင်ဘာလက သွင်းကုန်အမယ်ပေါင်း ၁၇၀၀ ကျော် ပမာဏအပေါ် ၅ ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်းစီ အခွန်တိုးမြှင့်ကောက်ခံမှုအပေါ် အကျိုးသက်ရောက်မှု ရှိမည်ဖြစ်ကြောင်း အခွန်အကောက်ကော်မရှင်က ပြောကြားလိုက်သည်။



ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကျင်းပခဲ့သော ဂျီ-၂၀ အစည်းအဝေး၏ နှစ်နိုင်ငံသီးသန့်အစည်းအဝေး၌ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ကို တွေ့ရစဉ်။

အခွန် ၁၀ ရာခိုင်နှုန်း ကောက်ခံရာတွင် လတ်ဆတ်သော ပင်လယ်စာများ၊ ကြက်သားများနှင့် ပဲပုပ်များကိုပါ ကောက်ခံခဲ့ကြောင်း သိရသည်။

ထို့အပြင် အခွန်ကောက်ခံမှုများတွင် သိပ္ပံနှင့် ဆေးဘက်ဆိုင်ရာ ရည်ရွယ်ချက်အတွက် ထုတ်လုပ်သည့် တန်စတင် မီးသီးများနှင့် အချို့လေယာဉ်များလည်း ပါဝင်ကြောင်း သိရသည်။

အမေရိကန် - တရုတ်နှစ်နိုင်ငံကြား တိုးတက်ကောင်းမွန်သည့် အခြေအနေကိုမြှင့်တင်ရန် ယခုကဲ့သို့ အခွန်လျှော့ချ ကောက်ခံလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အခွန်လျှော့ချကောက်ခံမှုသည် ဖေဖော်ဝါရီ ၁၄ ရက်မှ စတင်သက်ရောက်မည် ဖြစ်ကြောင်း သိရသည်။ ယင်းနေ့တွင်ပင် အမေရိကန်ကလည်း အမေရိကန်ဒေါ်လာ ၁၂၀ ဘီလီယံတန်ဖိုးရှိသော တရုတ်ထုတ်ကုန်များကို အခွန်ထက်ဝက်လျှော့ချ ကောက်ခံသွားမည့် အလားအလာရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# တရုတ်ပြည်မကြီးတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လာ

**ပေကျင်း ဖေဖော်ဝါရီ ၆**

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် တရုတ်ပြည်မကြီး၌ လူပေါင်း ၅၆၃ ဦး သေဆုံးခဲ့ကြောင်းနှင့် ကူးစက်ပြန့်ပွားသူပေါင်း ၂၈၀၀၀ ရှိကြောင်းတရုတ်ကျန်းမာရေးအာဏာပိုင်များက ဖေဖော်ဝါရီ ၆ ရက်တွင် ပြောကြားခဲ့သည်။

တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်က ဖေဖော်ဝါရီ ၅ ရက်တစ်နေ့တည်းတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၆၉၄ ဦးရှိကြောင်းနှင့် စုစုပေါင်း ရောဂါကူးစက်ခံနေရသည့် လူများမှာ ၂၈၀၁၈ ဦး အထိရှိကြောင်း ပြောကြားလိုက်သည်။

ဗိုင်းရပ်စ်ကူးစက်ခံရသည့် လူနာအသစ်များမှာ သုံးရက်ဆက်တိုက် လူဦးရေ ၃၀၀၀ အထိ ရောက်ရှိခဲ့ပြီး ဟူဘေးပြည်နယ် တစ်ခုတည်းတွင် အကြမ်းဖျင်း ကူးစက်ခံရသူ ၈၀ အထိရှိကြောင်း သိရသည်။ ရောဂါပြင်းထန်သောလူနာများမှာ ၆၄၀ မှ ၃၈၅၉ ဦးအထိ တိုးလာကြောင်း သိရသည်။

ဟူဘေးပြည်နယ် တစ်ခုတည်းတွင် နောက်ထပ်သေဆုံးသူ ၇၀ အထိရှိလာကြောင်း၊ ဟေလုံကျန်းပြည်နယ်၊ ကွီကျိုပြည်နယ်နှင့် တီယန်ကျင်းမြို့များတွင် တစ်ဦးစီ သေဆုံးခဲ့ကြောင်း သိရသည်။

လူနာများကို ကုသရန် ဝူဟန်ခုတင် ၁၀၀၀ ဆံ့ ဆေးရုံကြီးကိုလည်း ယခုသီတင်းပတ် အစောပိုင်းတွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ နောက်ထပ် ခုတင် ၁၆၀၀ ဆံ့ ဆေးရုံကြီးကိုလည်း ဖေဖော်ဝါရီ ၆ ရက်တွင် ဖွင့်လှစ်မည်ဟု သတင်းများ ထွက်ပေါ်လာခဲ့သည်။

သို့သော်လည်း ဆေးဝန်ထမ်းများနှင့် အခြားဝန်ဆောင်မှုများ ပြတ်လပ်လျက်ရှိကြောင်း သိရသည်။ ဖေဖော်ဝါရီ ၅ ရက် သတင်းစာရှင်းလင်းပွဲ၌ ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရာတွင် အမှားအယွင်းများ ဖြစ်ခဲ့ကြောင်း ဝူဟန်အဆင့်မြင့်အရာရှိများက ဝန်ခံခဲ့သည်။

နေရာအခက်အခဲကြောင့် ဆေးကုသမှု မရရှိခဲ့ကြောင်းလည်း သတင်းရရှိသည်။

**အင်န်အိတ်ချ်ကေ**


ဆေးဝန်ထမ်းများက ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသော လူနာကို ပြောင်းရွှေ့မှုများပြုလုပ်ပြီးနောက် ပိုးသတ်ဆေးများ ဖျန်းပက်နေစဉ်။

# သမ္မတထရမ့်အပေါ် တရားစွဲဆိုမှုနှင့်ပတ်သက်၍ အပြစ်မရှိကြောင်း အမေရိကန်ဆီးနိတ်လွှတ်တော် ဆုံးဖြတ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၆**

ပြီးခဲ့သည့်နှစ်က အမေရိကန်အောက်လွှတ်တော်က အတည်ပြုခဲ့သည့် သမ္မတ ထရမ့်အပေါ် စွဲချက်တင်ထားသည့်အကြောင်းအရာ ခေါင်းစဉ်နှစ်ခုကို ဆီးနိတ်လွှတ်တော်တွင် ဖေဖော်ဝါရီ ၅ ရက်က မဲခွဲဆုံးဖြတ်မှုပြုလုပ်ခဲ့ပြီးနောက် သမ္မတထရမ့်ကို တရားသေ လွှတ်ပေးလိုက်ကြောင်း သိရသည်။


အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

ဆီးနိတ်လွှတ်တော်အမတ်များ မဲခွဲဆုံးဖြတ်မှု ပြုလုပ်ခဲ့ရာတွင် ပထမစွပ်စွဲချက် ခေါင်းစဉ်ဖြစ်သည့် အာဏာအလွဲသုံးမှု စွပ်စွဲချက်ကိုပယ်ဖျက်ရန် ဆီးနိတ်လွှတ်တော်အမတ်များက ထောက်ခံမဲ ၅၂မဲ၊ ကန့်ကွက်မဲ ၄၈မဲဖြင့် လည်းကောင်း ဒုတိယစွပ်စွဲချက်ဖြစ်သည့် ကွန်ဂရက်လွှတ်တော်ကို အနှောင့်အယှက်ပေးသည်ဆိုသော စွပ်စွဲချက်ကို ပယ်ဖျက် ရန် ထောက်ခံမဲ ၅၃ မဲ၊ ကန့်ကွက်မဲ ၄၇ မဲဖြင့်လည်းကောင်း ရရှိခဲ့သည်။

ယူတားပြည်နယ်မှ ရီပတ်ဘလစ်ကန်ဆီးနိတ်လွှတ်တော်အမတ် မစ်ရွမ်နေက အာဏာအလွဲသုံးမှု ပြုလုပ်သည်ဟု သမ္မတ ထရမ့်အား စွပ်စွဲထားမှုကို ထောက်ခံမဲပေးခဲ့ပြီး စွပ်စွဲချက်ခေါင်းစဉ်နှစ်ရပ်လုံးကို ဒီမိုကရက်တစ်အမတ်တစ်ဦးတလေမျှ ကန့်ကွက်မဲပေးခဲ့ခြင်း မရှိကြောင်း သိရသည်။

အမြင့်ဆုံးတရားရုံးမှ တရားသူကြီးချုပ် ဂျွန်ရောဘတ်က မဲရလဒ်များကို ကြေညာခဲ့ပြီး မဲခွဲဆုံးဖြတ်မှုရလဒ်များသည် သမ္မတထရမ့် အပြစ်ရှိကြောင်း ဆုံးဖြတ်ရန်နှင့် ထရမ့်ကို ရာထူးနေရာမှ ဖယ်ရှားရန် လုံလောက်မှု မရှိကြောင်း ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ဆီးရီးယားရှိ အီရန်ပစ်မှတ်များကို အစ္စရေး ဒုံးကျည်တိုက်ခိုက်မှုပြုလုပ်

**ဒမတ်စကတ် ဖေဖော်ဝါရီ ၆**

ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ် ကောင်းကင်ကို ဖြတ်ကျော်လာသည့် အစ္စရေး၏ ဒုံးကျည်တိုက်ခိုက်မှုတစ်ခုကို ဆီးရီးယားလေကြောင်း ကာကွယ်ရေးအဖွဲ့က ဖေဖော်ဝါရီ ၆ ရက်တွင် ခုခံကာကွယ်ခဲ့ရကြောင်း ဆီးရီးယားနိုင်ငံပိုင်ရုပ်မြင်သံကြားက ထုတ်လွှင့်ဖော်ပြခဲ့သည်။

အစ္စရေး သိမ်းပိုက်ထားသည့် ဂိုလန်ကုန်းမြင့်ဒေသဆီမှ ပစ်လွှတ်လိုက်သည့် ဒုံးကျည်များသည် ဒမတ်စကတ်မြို့ အနောက်ပိုင်းရှိ ဧရိယာများကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါဧရိယာရှိ ပြည်သူများက ကျယ်လောင်ပြင်းထန်သည့် ပေါက်ကွဲသံများကို ကြားလိုက်ရကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။

အစ္စရေး၏ ဒုံးကျည်တိုက်ခိုက်မှုသည် ဒမတ်စကတ်အနောက်ပိုင်းရှိ ကီစွက်၊ မာ့ဂျ်အယ်လ်စူတန်နှင့် ဂျာစ်ဘက်ဂ္ဂဒက်တို့ရှိ စစ်စခန်းများကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်ကြောင်းနှင့် ဆီးရီးယားလေကြောင်း ကာကွယ်ရေးစနစ်က ဒုံးကျည်အချို့ကို ကြားဖြတ်ပစ်ချခဲ့ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားတွင် ဖော်ပြသည်။

အဆိုပါတိုက်ခိုက်မှုသည် အီရန်ထောက်ခံသည့် တပ်ဖွဲ့များကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဗြိတိန်အခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်အဖွဲ့က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ထူးခြားဆန်းပြား ကမ္ဘာတစ်ခွင်မှ သတင်းများ

--- ခြူးစန္ဒီနွေး ---

အပတ်စဉ်ဖော်ပြနေကျဖြစ်တဲ့ ကမ္ဘာတစ်ဝန်းမှာ တစ်ပတ်အတွင်း ပေါ်ပေါက်ခဲ့တဲ့ စိတ်ဝင်စားဖွယ်အကြောင်းအရာတွေကို ဖော်ပြပေးဖို့ အလှည့်ကျခဲ့ပြန်ပါပြီ။ အခုတစ်ပတ်မှာတော့ ကမ္ဘာတစ်လွှားမှာ ပေါ်ပေါက်ခဲ့တဲ့ ဆေးပညာ၊ အာကာသ၊ နက္ခတ္တဗေဒနဲ့ ရှေးဟောင်းသုတေသနဆိုင်ရာ ထူးခြားတဲ့ အဖြစ်အပျက်တွေကို စုစည်းတင်ပြလိုက်ပါတယ်။

## နှစ်ပေါင်း ၇၀၀၀ သက်တမ်းရှိ သစ်သားနဲ့ တည်ဆောက်ထားတဲ့ ရေတွင်း

ကျောက်ခေတ်လူသားတွေ ရှေးရှေးတုန်းကဘယ်လို နေထိုင်ခဲ့တယ်၊ ဘယ်လို ရှင်သန်ရပ်တည်ခဲ့တယ်ဆိုတာတွေကတော့ အခုခေတ်လူသားတွေအတွက်စိတ်ဝင်စားစရာကောင်းလှပါတယ်။ အခုအချိန်ထိလည်း သုတေသီတွေဟာ လေ့လာနေကြတုန်းပါပဲ။ ကျောက်ခေတ်နှောင်းပိုင်းသက်တမ်းနှစ် ၇၀၀၀ ရှိပြီဖြစ်တဲ့ ရေတွင်းတစ်တွင်းကို ဥရောပအရှေ့ပိုင်းမှာ ရှေးဟောင်းသုတေသနပညာရှင်တွေ တွေ့ရှိခဲ့ကြပါတယ်။

ကမ္ဘာပေါ်မှာ ရှေးအကျဆုံးသစ်သားနဲ့ ပြုလုပ်ထားတဲ့ ရေတွင်းလို့ ရှေးဟောင်းသုတေသနပညာရှင်တွေက ယူဆကြပါတယ်။ ဝက်သစ်ချသားနဲ့ ပြုလုပ်ထားတဲ့ လေးထောင့်ပုံစံရေတွင်းကို ဘီစီ ၅၂၅၆ ဝန်းကျင်တုန်းက လယ်သမားတွေ တည်ဆောက်ခဲ့တာပဲ ဖြစ်တယ်လို့ ပညာရှင်တွေက ယူဆကြပါတယ်။ ရေတွင်းကို တည်ဆောက်ထားတဲ့ သစ်သားမှာပါတဲ့ အရစ်တွေကို ကြည့်ခြင်းအားဖြင့် သူ့ရဲ့သက်တမ်းကို ခန့်မှန်းတွက်ချက်ခဲ့ကြပါတယ်။

အဲဒီလို တွက်ကြည့်တဲ့အခါမှာတော့ ဒီသစ်သားရေတွင်းဟာ ရှေးအကျဆုံးပဲဆိုတာကို ချက်သမ္မတနိုင်ငံက ပညာရှင်တွေက လေ့လာတွေ့ရှိခဲ့ကြပါတယ်။ နောက်ပြီး ထူးဆန်းတာတစ်ခုကတော့ အဲဒီရေတွင်းဟာ ရေအောက်မှာ ရာစုနှစ်ကြာအောင် ရောက်နေခဲ့တဲ့အတွက်လည်း မပျက်စီးဘဲ ရှိနေတာပါ။ သစ်သားရေတွင်းရဲ့ အမြင့်ကတော့ ၁၄၀ စင်တီမီတာရှိပြီး သူ့ရဲ့ အောက်ခြေကတော့ ၈၀ စင်တီမီတာပတ်လည် လေးထောင့်ပုံစံ တည်ဆောက်ထားပါတယ်။

အဲဒီရေတွင်းကို ချက်သမ္မတနိုင်ငံ အော်စတက်ဗ်မြို့အနီး အဝေးပြေးလမ်းမကြီး ဖောက်လုပ်ရာမှာ တွေ့ရှိခဲ့တာပဲ ဖြစ်ပါတယ်။ ကျောက်ခေတ်နှောင်းပိုင်းကာလ ရေတွင်းတွေကို ချက်သမ္မတနိုင်ငံမှာ တွေ့ရှိခဲ့တာ အခုတစ်ကြိမ်နဲ့ဆိုရင် သုံးကြိမ်ရှိသွားပြီလို့လည်း သိရပါတယ်။



ရှေးအကျဆုံး သစ်သားရေတွင်းကို တွေ့ရစဉ်။



၂၀၁၆ ခုနှစ်က တောင်အာဖရိကတွင် HIV ကာကွယ်ဆေးစမ်းသပ်နေစဉ်။

## HIV ကာကွယ်ဆေးထုတ်လုပ်မှု မအောင်မြင်

ဒီသတင်းကတော့ ဆေးလောကအတွက်သာမက ကမ္ဘာသူ ကမ္ဘာသားအားလုံးအတွက် စိတ်မကောင်းစရာသတင်းပါပဲ။ တကယ်လို့များ HIV ကာကွယ်ဆေးထုတ်လုပ်မှု အောင်မြင်သွားခဲ့ပြီဆိုရင် လူသားတွေအတွက် အမှန်တကယ်ကို အကျိုးဖြစ်ထွန်းစေတဲ့ မင်္ဂလာသတင်းတစ်ရပ် ဖြစ်လာရမှာပါ။

ဒါပေမယ့် အခုတစ်ကြိမ် ကာကွယ်ဆေးထုတ်ဖို့အတွက် စမ်းသပ်မှုကတော့ ကျရှုံးမှုတွေနဲ့ပဲ အဆုံးသတ်ခဲ့ရပါတယ်။ ဒီဖြစ်ရပ်ကြောင့် သုတေသီတွေလည်း စိတ်ပျက်ခဲ့ရပါတယ်။ ထိုင်းနိုင်ငံမှာ ပြုလုပ်နေတဲ့ HIV ကာကွယ်ဆေးထုတ်လုပ်ဖို့ စမ်းသပ်မှုဟာ အလုပ်မဖြစ်ဖူးလို့ Vax Gen ကုမ္ပဏီက ပြောကြားခဲ့ပါတယ်။

စမ်းသပ်နေတဲ့ ကာကွယ်ဆေးဟာ HIV ကူးစက်ခံရမှုကို လျှော့ချနိုင်တယ်ဆိုတာမျိုး မပြသခဲ့ပါဘူး။ နောက်ပြီး ရောဂါဖြစ်ပွားမှုကိုလည်း လျှော့ချနိုင်တာကို မတွေ့ရပါဘူး။ Vax Gen ကုမ္ပဏီက ဥက္ကဋ္ဌ ဒေါ်နယ်ဖရန်စစ်ကတော့ အခုတစ်ကြိမ် ကျရှုံးမှုဟာ သုတေသီတွေ နောက်တစ်ကြိမ်ကာကွယ်ဆေးထုတ်တဲ့အခါ အောင်မြင်ဖို့ တွန်းအားတစ်ခုပဲလို့ ပြောကြားခဲ့ပါတယ်။

အစောပိုင်း စမ်းသပ်မှုတွေမှာတော့ ကာကွယ်ဆေးထုတ်လုပ်တာနဲ့ ပတ်သက်ပြီး အသေးစိတ်အချက်အလက်တွေကို ကုမ္ပဏီက ထုတ်ဖော်မပြသခဲ့ပေမယ့် ထိုင်းနိုင်ငံမှ စမ်းသပ်နေမှုကတော့ နောက်ဆုံးအဆင့်ထိတောင် ရောက်နေပြီလို့ သိရပါတယ်။ ဒါပေမယ့်လည်း အခုတစ်ကြိမ်မှာတော့ စိတ်မကောင်းစွာနဲ့ပဲ အဆုံးသတ်လိုက်ရပါတယ်။

## ထူးခြားပြီး ကြီးမားလှတဲ့ ကြယ်စုကြီးကို နက္ခတ္တဗေဒပညာရှင်များ တွေ့ရှိ

အပြည်ပြည်ဆိုင်ရာ နက္ခတ္တဗေဒပညာရှင်တွေနဲ့ ဖွဲ့စည်းထားတဲ့အဖွဲ့ဟာ ထူးခြားလှတဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၂ ဘီလီယံလောက်ကတည်းက တည်ရှိခဲ့တဲ့ ဂလက်ဆီလို့ခေါ်တဲ့ အာကာသဟင်းလင်းပြင်ရှိ ကြယ်စုကြီးကို တွေ့ရှိခဲ့ပါတယ်။

အဲဒီအချိန်တုန်းက စကြဝဠာကြီးရဲ့ သက်တမ်းကတော့ ၁ ဒသမ ၈ ဘီလီယံသာ ရှိပါသေးတယ်။ အဲဒီအဖွဲ့ကိုတော့ ကယ်လီဖိုးနီးယားတက္ကသိုလ်မှာရှိတဲ့ သိပ္ပံပညာရှင်တွေက ဦးဆောင်ခဲ့ပါတယ်။ အဆိုပါ ကြယ်စုကြီးကိုတော့ XMM –2599 လို့ အမည်ပေးထားပါတယ်။

ကြယ်စုတန်းကြီးဟာ ကြယ်တွေကို လျှင်လျှင်မြန်မြန်ပဲ ဖြစ်ပေါ်စေပြီး အဲဒီနောက်မှာတော့ လှုပ်ရှားသက်ဝင်မှု ရပ်တန့်သွားခဲ့ပါတယ်။ ဘာကြောင့်မို့ ကြယ်တွေဖွဲ့စည်းမှု ရပ်တန့်သွားတာလည်းဆိုတာကိုတော့ မရှင်းလင်းပါဘူး။ စကြဝဠာကြီးရဲ့ သက်တမ်း၂ ဘီလီယံရှိတဲ့ အချိန်မှာ XMM–2599 လို့အမည်ပေးထားတဲ့ ကြယ်စုကတော့ နေအစင်းပေါင်း ၃၀၀ ဘီလီယံကိုဖွဲ့စည်းပြီးသွားပါပြီလို့ သုတေသနအဖွဲ့ခေါင်းဆောင် ဘန်ဂျမင်ဖောရပ်စ်က ပြောပါတယ်။

စကြဝဠာကြီးရဲ့ သက်တမ်း ၁ ဘီလီယံလောက်တုန်းကတော့ XMM–2599 ဟာ ကြယ်တွေ ဖွဲ့စည်းပေးပြီး စကြဝဠာကြီးရဲ့ သက်တမ်း ၁ ဒသမ ၈ ဘီလီယံ ရောက်တဲ့အခါမှာတော့ သူ့မှာ လှုပ်ရှားသက်ဝင်မှု မရှိတော့ပါဘူး။

## နေရဲ့မျက်နှာပြင်

နေ့စဉ်နေ့တိုင်း ကမ္ဘာကြီးကို အလင်းရောင်ပေးနေတဲ့ နေရဲ့မျက်နှာပြင်ဟာ ဘယ်လိုရှိမလဲဆိုတာ စိတ်ကူးယဉ်ကြည့်ကြ ဖူးပါသလား။ အခုအခါမှာတော့ နေရဲ့မျက်နှာပြင်ကို အသေးစိတ် လေ့လာနိုင်ဖို့ အခွင့်အရေး ရလာခဲ့ပါပြီ။


အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ်မှာရှိတဲ့ တယ်လီစကုပ်ကနေ နေရဲ့မျက်နှာပြင် အသေးစိတ်ပုံရိပ်တွေကို ထုတ်ဖော်ပြခဲ့ပါတယ်။ တယ်လီစကုပ်ကနေရတဲ့ ဓာတ်ပုံတွေအရ သိပ္ပံပညာရှင်တွေ ပြောပြောနေတဲ့ မကြုံစဖူးအဖြစ်အပျက်တစ်ခုအဖြစ် ဓာတ်ငွေ့တွေနဲ့ လှုပ်ခတ်နေတဲ့ နေရဲ့မျက်နှာပြင်ကို အသေးစိတ် တွေ့ရှိရပါတယ်။

နေရဲ့မျက်နှာပြင်မှာ တောက်ပတဲ့ဆဲလ်တွေကို တွေ့ရပြီး အဲဒီဆဲလ်တွေရဲ့ အရွယ်အစားကတော့ တက္ကဆက်ပြည်နယ်အကျယ်အဝန်းလောက်ရှိတယ်လို့ သိရပါတယ်။ အခုရလာတဲ့ အချက်အလက်တွေကတော့ နေရဲ့အတွင်းပိုင်းက ပုံရိပ်တွေပဲ ဖြစ်ပါတယ်။

နောက်ထပ် လေ့လာမယ့်အချက်အလက်တွေအရ သိပ္ပံပညာရှင်တွေဟာ ဂြိုဟ်တုတွေရဲ့ ဆက်သွယ်မှုကို နှောင့်ယှက်ဟန့်တားတဲ့ နေရောင်ခြည်လှုပ်ရှားမှုတွေကိုလည်း လေ့လာနိုင်မှာ ဖြစ်ပါတယ်။အဲဒီတယ်လီစကုပ်ကိုတော့ မာဝီကျွန်းပေါ်မှာ ထားရှိတယ်လို့ သိရပါတယ်။

**ကိုးကား – ဆိုင်းရင့် နယူးစ်၊ ယူအက်စ် နယူး၊ နယူးယောက်တိုင်းမ်**

- ကြယ်စုတန်းကြီးဟာ ကြယ်တွေကို လျှင်လျှင်မြန်မြန်ပဲ ဖြစ်ပေါ်စေပြီး အဲဒီနောက်မှာတော့ လှုပ်ရှားသက်ဝင်မှု ရပ်တန့်သွားခဲ့။
- နေရဲ့မျက်နှာပြင်မှာ တောက်ပတဲ့ဆဲလ်တွေကို တွေ့ရပြီး အဲဒီဆဲလ်တွေရဲ့အရွယ်အစားကတော့ တက္ကဆက်ပြည်နယ် အကျယ်အဝန်းလောက်ရှိတယ်လို့ သိရပါတယ်။



နေ၏မျက်နှာပြင်ပုံ။

## နိုင်ငံတကာသတင်းတိုထွာ

### အကြမ်းဖက်မှုကို ကူညီအားပေးနေသည်ဟု တူရကီနှင့် အစ္စရေးတို့ကို ဆီးရီးယားစွပ်စွဲ

**ဒမတ်စကတ် ဖေဖော်ဝါရီ ၆**

ဆီးရီးယား၌ အကြမ်းဖက်မှုများကို အစ္စရေးနှင့် တူရကီနိုင်ငံတို့က ကူညီအားပေးနေသည်ဟု ဆီးရီးယားတပ်ဖွဲ့ အကြီးအကဲက ဖေဖော်ဝါရီ ၆ ရက်တွင် ပြောကြားလိုက်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက ဆီးရီးယားကို ပစ်မှတ်ထားသည့် အစ္စရေး၏ ဒုံးကျည်တိုက်ခိုက်မှု ဖြစ်ပွားချိန်တွင် တူရကီသည် ဆီးရီးယားအနောက်မြောက်ပိုင်း အီဒလစ်ပြည်နယ်သို့ တူရကီတပ်ဖွဲ့ယာဉ်တန်းများကို စေလွှတ်ခဲ့ကြောင်း စစ်ဘက်၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

တူရကီ၏ လုပ်ဆောင်ချက်သည် အယ်လ်ခိုင်ဒါစစ်သွေးကြွအဖွဲ့နှင့် ဆက်နွှယ်နေသည့် အယ်လ်နူဆရာတစ်ဦးကို ကာကွယ်ပေးရန်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ဆင်ဟွာ

### ကိုရိုနာဗိုင်းရပ်စ်နှင့် ဆားစ်ဗိုင်းရပ်စ်တို့ ကလာပ်စည်းများ ဆင်တူနေကြောင်း တွေ့ရ

**ပေကျင်း ဖေဖော်ဝါရီ ၆**

ကိုရိုနာဗိုင်းရပ်စ်အမျိုးစားသစ်က လူသားဆဲလ်များသို့ ကူးစက်ချိန်တွင် အသုံးပြုသည့် ဆဲလ်ကလာပ်စည်းသည် လွန်ခဲ့သည့် ၁၇ နှစ်အကြာက တရုတ်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ဆားစ်ဗိုင်းရပ်စ်၏ ဆဲလ်ကလာပ်စည်းနှင့် ဆင်တူကြောင်း တရုတ်နိုင်ငံမှ ဆေးပညာရှင်များက တွေ့ရှိခဲ့သည်။

ဝူဟန်မြို့ရှိ ဗိုင်းရပ်စ်ကူးစက်ခံရသည့် လူနာခုနစ်ဦးဆီမှ ရယူထားသည့် ကိုရိုနာဗိုင်းရပ်စ် အမျိုးအစားသစ်ကို လင်းနို့နှင့် အခြားတိရစ္ဆာန်များသို့ ကူးစက်စေခဲ့ပြီး လေ့လာမှုပြုလုပ်ခဲ့ရာ ထိုသို့တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း တရုတ်သိပ္ပံအကယ်ဒမီမှ သုတေသနပညာရှင်များက ထုတ်ဖော်ကြေညာခဲ့မှုကို ဗြိတိန် သိပ္ပံမဂ္ဂဇင်းတစ်စောင်ဖြစ်သည့် Nature တွင် ဖော်ပြခဲ့သည်။

ယခုတွေ့ရှိချက်သည် ဆားစ်ရောဂါအတွက် ထုတ်လုပ်ခဲ့သည့် ဆေးဝါးများနှင့် ကာကွယ်ဆေးများကို ရောဂါပြန့်ပွားမှု ထိန်းချုပ်ရန်နှင့် ဗိုင်းရပ်စ်ကူးစက်ခံထားရသူများကို ကုသရန် အသုံးပြုနိုင်သည်ကို ပြသနေကြောင်း အဆိုပါပညာရှင်များက ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

# ကိုရိုနာဗိုင်းရပ်စ်အဆုတ်ရောင်ရောဂါကြောင့် အရောင်းအဝယ်များ အေးစက်ခဲ့သော်လည်း ဈေးနှုန်းများ သိသာစွာကျဆင်းမှုမရှိသည့် မန္တလေးပဲဈေးကွက်

**မန္တလေး ဖေဖော်ဝါရီ ၆**

ယခုလပိုင်းအတွင်း ဖြစ်ပေါ်ခဲ့သည့် အဆုတ်ရောင်ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် မန္တလေးပဲဈေးကွက်တွင် အရောင်းအဝယ်များ အေးစက်ခဲ့သော်လည်း ဈေးနှုန်းများ သိသာစွာကျဆင်းမှုမရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။



ယခင်နှစ်များက ယခုရာသီတွင် အရောင်းအဝယ်များ အေးစက်ကာ ဈေးနှုန်းများ ကျဆင်းလေ့ရှိသော်လည်း ယခုနှစ်တွင် တရုတ်နှစ်ကူးနှင့် အတူ တစ်ချိန်တည်းဖြစ်ပွားလာသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်နိုင်ငံသို့ တင်ပို့သည့် ပဲအမျိုးအစားများ အရောင်းအဝယ် အေးစက်ခဲ့သော်လည်း ဆီထွက်သီးနှံ နှမ်းမှလွဲ၍ ကျန်ပဲအမျိုးအစား ဈေးနှုန်းများမှာ နှစ်ကူးမတိုင်ခင် ပေါက်ဈေးများအတိုင်း ဆက်လက်ရပ်တည်လျက်ရှိကြောင်း သိရသည်။

"၂၀၂၀ ဇန်နဝါရီလအတွင်းမှာ တရုတ်နှစ်ကူးနဲ့အတူ ဒီဗိုင်းရပ်စ်ရောဂါပိုးက ကမ္ဘာအနှံ့အပြားကို ခြိမ်းခြောက်လာတဲ့အတွက် မြန်မာပြည်မှာလည်း သက်ရောက်မှုတွေရှိလာတယ်။ အဓိကအနေနဲ့ ကျွန်တော်တို့ အားထားရောင်းချရတဲ့ တရုတ်ဈေးကွက်က ရပ်တန့်သွားခဲ့တယ်။ ဒါပေမယ့် အဆိုးထဲကအကောင်း ဆိုသလို မန္တလေးဈေးကွက်ရဲ့ အရောင်းအဝယ်က ရပ်တန့်မသွားဘဲ နေ့စဉ်ပုံမှန် တရုတ်ဝယ်လက်တွေက ဈေးကွက်ဖွင့်ရင် အဆင်သင့်ဖြစ်အောင် လက်ရှိပေါက်ဈေးနဲ့ ဝယ်ယူမှုတွေ ရှိနေတယ်။ နှမ်းကတော့ ဒီဂယက်ကြောင့် သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ်တစ်သောင်းလောက် ကျဆင်းသွားပြီး ပဲတီးစိမ်း၊ မြေပဲလုံးဆန်၊ မြေထောက်ပဲတွေကတော့ နှစ်ကူးမတိုင်ခင်က ပေါက်ဈေးအတိုင်းပဲ အရောင်းအဝယ် ဖြစ်နေကြတယ်။ ဒါပေမယ့် အိန္ဒိယပို့ကုန်ဖြစ်တဲ့ မတ်ပဲနဲ့ ပဲစင်းငုံတွေကတော့ ဒီကာလမှာ သုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် တစ်သောင်းဝန်းကျင်လောက် ဈေးကျလာတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးပဲဈေးကွက်တွင် လက်ရှိကာလ၌ အရောင်းအဝယ်ဖြစ်နေသည့် ပဲဈေးနှုန်းများအနေဖြင့် ပဲတီစိမ်း (ခရမ်းရွှေဝါ)မှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၈၀၀၀ ၊ ပဲတီစိမ်း (အညာရွှေဝါ)မှာ ငွေကျပ် ၁၀၇၀၀၀၊ နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၆၀၀၀၊ နှမ်းနက်မှာ ငွေကျပ် ၂၁၅၀၀၀၊ မြေပဲ (လုံးဆန်) တစ်ပိဿာလျှင် ငွေကျပ် ၃၁၀၀၊ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၈၀၀၀၊ မတ်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၉၈၀၀၀ နှင့် ပဲစင်းငုံ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၅၆၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မန္တလေး၌ ကျင်းပမည့်ပွဲများ

## မဟာဗောဓိစေတီဗုဒ္ဓပူဇနိယပွဲတော်နှင့်နိဗ္ဗာန်ဈေးရောင်းပွဲ

မဟာဗောဓိစေတီ ဗုဒ္ဓပူဇနိယပွဲတော်နှင့် နိဗ္ဗာန်ဈေးရောင်းပွဲတော်ကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက်၌ ဖေဖော်ဝါရီ ၇ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## Miss University Mandalay 2020 နှင့်ဈေးရောင်းပွဲ

Miss University Mandalay 2020 နှင့် ဈေးရောင်းပွဲတော်ကို မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် (၆၂)လမ်းရှိ Central Point Shopping Mall ၌ ဖေဖော်ဝါရီ ၈ ရက်နှင့် ၉ ရက်များတွင် နေ့စဉ်နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲ

မန္တလေးမြို့အခြေစိုက် တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော်ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၁၀ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မန္တလေးမြို့ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းတွင် ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်း

စာရေးဆရာသန်းစိုးအောင်၏ စမ်းရေစီးသံ မြန်မာမှုပုံပြင်များ(ပေါင်းချုပ်) စာအုပ်ဖြင့် စာဖတ်ဝိုင်းကို မန္တလေးမြို့ ပြည်ကြီး တံခွန်မြို့နယ်ရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## ဆေးရောင်ခြယ် မာရသွန်ပြိုင်ပွဲ

ဆေးရောင်ခြယ် မာရသွန်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၆ နာရီ တွင် မန္တလေးမြို့ရှိ ရွှေမန်းတောင်ဂေါက်ကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို မန္တလေးမြို့ ကျုံးထောင့်ရှိ Hilton Hotel ရှေ့မှ ရွှေမန်းတောင်ဂေါက်ကွင်းအထိ ၅ ကီလိုမီတာပြိုင်ပွဲအဖြစ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)စုစည်းတင်ပြသည်။**

# မော်လမြိုင်ကျွန်း တံခွန်တိုင်မြစ်တွင် သဲသောင်ပေါ်ထွန်းသဖြင့် သွားလာရေးခက်ခဲ

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၆**

မော်လမြိုင်ကျွန်းမြို့နှင့် ရှစ်မိုင်ကျော်ကွာဝေးသော တံခွန်တိုင်မြစ်ကြောင်းလမ်းမှာ လွန်ခဲ့သောတစ်နှစ်ခန့်မှစပြီး မြစ်ကြောင်းတစ်လျှောက် ခန့်မှန်းပေ ၂၀၀၀ ကျော်မှာ သဲသောင်ပေါ်ထွန်းလာမှုကြောင့် ရေကျချိန်မှ ရေပြန်တက်ချိန်အထိ ၄ နာရီခန့် ရေယာဉ်မျိုးစုံဖြတ်သန်းသွားလာ၍ မရတော့ဘဲ ဒေသခံခရီးသွားပြည်သူများ အခက်အခဲတွေ့နေကြရသည်။

ယခင်က တံခွန်တိုင်မြစ်လမ်းကြောင်းမှာ မော်လမြိုင်ကျွန်းမြို့မှ ကျုံမငေး၊ ဝါးခယ်မနှင့် မြောင်းမြမြို့သို့ သွားလာခုတ်မောင်းရာတွင် အရေးပါသောမြစ်လမ်းကြောင်းဖြစ်သဖြင့် ရေယာဉ်ကြီး/ငယ်မျိုးစုံ အချိန်တိုတိုဖြင့် နေ့ညအချိန်မရွေး ဖြတ်သန်းခုတ်မောင်းနိုင်သဖြင့် မော်လမြိုင်ကျွန်း-မြောင်းမြ ရေယာဉ်များ၊ မော်လမြိုင် ကျွန်း- ဝါးခယ်မရေယာဉ်များနှင့် မော်လမြိုင်ကျွန်း- ကျုံမငေး ရေယာဉ်များ ဒေသခံများ၏ ပွဲထောင်ရေယာဉ်ဖြင့် ရေယာဉ်ကြီးများ သွားလာရေး အဆင်ပြေလွယ်ကူခဲ့ကြသည်။

အဆိုပါ သောင်ထွန်းနေသော တံခွန်တိုင်မြစ်လမ်းကြောင်းအတွင်းပါဝင်နေသော ငှက်တော်အထက်ပိုင်း၊ ကညင်ချောင်း၊ တံခွန်တိုင်လေး၊ သပြေချောင်း၊ ကျွဲတလင်း၊ ထိတိုလို၊ လတာကြီးနှင့် ဘုရားချောင်းတံခွန်တိုင်ကြီးကျေးရွာများသည် ရေကျချိန်တွင် အရေးပေါ်ကျန်းမာရေး၊ ပညာရေးကိစ္စများရှိပါက သွားလာ၍ မရသဖြင့် အခက်အခဲရှိနေကြပြီး ၄ နာရီစောင့်ဆိုင်းကာ ရေတက်ချိန်ကျမှ မော်လမြိုင်ကျွန်းမြို့သို့ သွားလာကြရသည်။ မော်လမြိုင်ကျွန်းမြို့မှ ရေယာဉ်များမှာ ငှက်တော်ကျေးရွာမှပတ်၍ ခုတ်မောင်းပြီး ကျုံမငေး၊ ဝါးခယ်မနှင့် မြောင်းမြမြို့များသို့ ခုတ်မောင်းကြရသဖြင့် ၁ နာရီကျော် အချိန်ပိုကြာခဲ့ကြသည်။

ယင်းတံခွန်တိုင် မြစ်လမ်းကြောင်းတွင် သောင်ထွန်းနေမှုများကို သောင်တူးစက်များဖြင့် သောင်တူးပေးပါက ရေယာဉ်မျိုးစုံနှင့် တံခွန်တိုင်မြစ်လမ်းကြောင်းတစ်လျှောက် ကျေးရွာများမှ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေလွယ်ကူသွားမည်ဖြစ်ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# ထားဝယ်မြို့၌ မဏ္ဍိုင်လေးရပ် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်

**ထားဝယ် ဖေဖော်ဝါရီ ၆**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက တနင်္သာရီတိုင်းဒေသကြီးရှိ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများပါဝင်သော မဏ္ဍိုင်လေးရပ် တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်တွင် ထားဝယ်မြို့ မြောက်ရွာရပ်ကွက် ရေးလမ်းရှိ Diamond Crown Hotel, GrandBallroom ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ မဏ္ဍိုင်လေးရပ်တွေ့ဆုံဆွေးနွေးပွဲကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည်မဏ္ဍိုင်များနှင့် သတင်းမီဒီယာများအကြား သတင်းမီဒီယာဥပဒေနှင့် ကျင့်ဝတ်ကိုအခြေခံပြီး အပြန်အလှန်လေးစားမှုရှိသော ဆက်ဆံမှုတည်ဆောက်နိုင်ရေး၊ သတင်းအချက်အလက်ရယူခွင့်နှင့် ပတ်သက်၍ အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၆-၂-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၄၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၃၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၀/၈၈၀ | ကျပ် | ၈၆၅/၈၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၄၀/၈၈၅ | ကျပ် | ၈၈၀/၉၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၃၀/၇၈၅ | ကျပ် | ၈၀၀/၈၂၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၉၀၀ | ကျပ် | ၉၁၀/၉၃၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၅၃ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၉၈ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၀ . ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၈၈၇ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၂ . ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၀ . ၉၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၀၈ . ၄၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၄၀၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၂ . ၈၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၂ . ၇၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၇၆၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၃၉၀၅ | ၄၃၀၆၈၅၀၀ |
| MTSH | ၄၀၀၀ | ၄၁၀၀ | ၁၈၁၁ | ၇၃၁၄၀၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၉၀ | ၇၃၈၀၀၀ |
| FPB | ၂၃၅၀၀ | ၂၃၅၀၀ | ၃၁၂ | ၇၃၃၂၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၃၂၉၇ | ၉၃၉၆၄၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# သွေးချင်းတို့ရဲ့ ပွဲတော်ဆီမှ တိုင်းရင်းသားသွေးချင်းတို့၏ ရိုးရာယဉ်ကျေးမှု ပြခန်းများ(၂)

## စုစည်းတင်ပြသူ- သီသီမင်း၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန်မြို့ ကျိုက္ကဆံကွင်းအတွင်း ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ကျင်းပနေသည့် " သွေးချင်းတို့ရဲ့ ပွဲတော်ဆီ " ပွဲတော်ကြီးသည် ပွဲတော်ကာလပြီးဆုံးရန် နီးကပ်လာသည်နှင့်အမျှ တိုင်းရင်းသားများ၏ ယဉ်ကျေးမှုပြခန်းများသို့ လာရောက်လေ့လာသူများ၊ ညပိုင်းတွင် တိုင်းရင်းသားများ၏ ကပြဖျော်ဖြေတင်ဆက်မှုများနှင့် နာမည်ကျော် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို လာရောက်ကြည့်ရှုသူများ၊ ရိုးရာအစားအစာများ၏ ထူးခြားကောင်းမွန်သောအရသာများကို လာရောက်စားသုံးသူများဖြင့် တစ်နေ့ထက်တစ်နေ့ ပိုမိုစည်ကားလျက်ရှိသည်။

### ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရိုးရာယဉ်ကျေးမှုပြခန်း

ပြခန်းအတွင်းသို့ ဝင်လိုက်သည်နှင့် တောင်ပေါ်ဒေသတွင် နေထိုင်သည့် ကိုးကန့်လူမျိုးတို့ နေထိုင်ရာအိမ်ကို ပုံစံတူဆောက်လုပ်ထားသည့် တဲအိမ်ထဲတွင် လာရောက်လည်ပတ်ကြည့်ရှုသူများအား လက်ဖက်ရည်ကြမ်းဖြင့် ဧည့်ခံခြင်း၊ ကိုးကန့်ရိုးရာတေးသီချင်းများ သီဆိုတီးမှုတ် ကပြဖျော်ဖြေသည့်အချိန်တွင် လာရောက်လည်ပတ်သူများကိုယ်တိုင် ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲနေခြင်းတို့ကြောင့် ကိုးကန့်ရိုးရာယဉ်ကျေးမှု ပြခန်းသည် စည်ကားလျက်ရှိသည်။

"ဒီအဆောက်အအုံက တောင်ပေါ်မှာဆောက်တဲ့ အဆောက်အအုံတွေအတိုင်း ဝါးနဲ့ဆောက်ထားတာ။ အမိုးလေးတွေလည်း ဒီပုံစံပဲ။ တောင်ပေါ်မှာ လေအလွန် တိုက်တဲ့အခါကျတော့ လေမတိုးအောင် ရွှံ့ရယ်၊ နွားချေးရယ်ရောပြီး နံရံတွေကို လုပ်ထားတာ။ ဘိလပ်မြေထက် ခိုင်တယ်။ ဒီအိမ်တွေက နှစ်ရှည်ခံတယ်။ ဒါလေးကို ပြချင်လို့ပါ" ဟု ကိုးကန့်တိုင်းရင်းသားယဉ်ကျေးမှု ပြခန်းတာဝန်ခံ ဦးသိန်းဇော်ထွေးက ပြောသည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရိုးရာယဉ်ကျေးမှုပြခန်းတွင် ကိုးကန့်ဒေသ၏ နာမည်ကြီး ထုတ်ကုန်လက်ဖက်ခြောက်အပါအဝင် မုန်ညင်းချဉ်၊ တို့ဟူးချဉ်၊ သစ်ကြားသီး စသည့် ဒေသထွက် စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများကိုလည်း ခင်းကျင်းပြသထားသည်။

တူရိယာပစ္စည်းများအနေဖြင့် နှစ်သစ်ကူးပွဲတော်များ၊ သာရေးနာရေးနှင့် ပျော်ပွဲရွှင်ပွဲများတွင် တီးခတ်လေ့ရှိသည့် ဘင်ဂျိုများ၊ နှဲနှင့် ၁၉၆၀ ပြည့်နှစ်ကတည်းက ပစ္စည်းဖြစ်သော ရှန်မယ်ဟုခေါ်သည့် ဝါးဖြင့်ပြုလုပ်ထားသော ကိုးကန့်လူမျိုးတို့၏ ရိုးရာတူရိယာတစ်ခုကိုပါ ထူးခြားစွာတွေ့မြင်ရမည်ဖြစ်သည်။

" ရှန်မယ်လို့ခေါ်တယ်။ ဝါးနဲ့ လုပ်ထားတာ။ လေနဲ့ မှုတ်ရတာ။ တစ်ယောက်တည်း ညအချိန် တီးမှုတ်လို့ရှိရင် ပိုပြီးတော့မှ အသံလွင်လွင်လေးကြားရတယ်။ ဟိုအရင်တုန်းက လူပျိုလှည့်ရင် မိန်းကလေးအိမ်တွေမှာသွားပြီး တီးကြတာ။ ရိုးရာပစ္စည်းပေါ့။ အခုလက်ရှိမှာ တီးမှုတ်တတ်တဲ့သူ နည်းနည်းလေးရှားပါးလာပြီ" ဟု ဦးသိန်းဇော်ထွေးက ပြောသည်။

ပြခန်းအတွင်း ကိုးကန့်လူမျိုးတို့ မိုးရာသီ၊ ဆောင်းရာသီတို့တွင် လားများဝန်စည်စလယ်များဖြင့် ကူးသန်းသွားလာရာ၌ ချမ်းအေးမှုဒဏ်ခံနိုင်ရန် ချုပ်လုပ်ထားသော ထန်းမိုးကာ၊ တောင်ထန်းအိပ်ရာခင်း၊ ကောက်ရိုး၊ အဝတ်စများဖြင့် ပြုလုပ်ထားသည့် ကိုးကန့်ရိုးရာ ယောကျ်ားစီး ဖိနပ်ပုံစံအမျိုးမျိုး၊ ရှေးခေတ်ကိုးကန့် မိန်းကလေးများ ဝတ်ဆင်ခဲ့သည့် ဖိနပ်တို့ကိုလည်း ပြသထားသည်။

ပြခန်းအတွင်း ကိုးကန့်နယ်မြေ၊ လောက်ကိုင်ဒေသ၌ ယနေ့တိုင် တွေ့ရှိနိုင်သော နှစ်ပေါင်း ၂၀၀ ကျော်က တည်ဆောက်ခဲ့သည့် ကိုးကန့်ဒေသနှင့် ပတ်သက်သော ကျောက်ထုစာပေ၊ စော်ဘွားအဆက်ဆက်၏ မှတ်တမ်းဓာတ်ပုံများ၊ ကိုးကန့်ဒေသ၏ ပထဝီအနေအထား၊ ကိုးကန့်တိုင်းရင်းသားတို့၏ လူမျိုးနှင့် ယဉ်ကျေးမှု သမိုင်းမှတ်တမ်းများ ၊ ကိုးကန့်တိုင်းရင်းသားစာအုပ်များ၊ ကိုးကန့်ဒေသကို ပဒေသရာဇ်စနစ်ဖြင့် အုပ်ချုပ်စဉ်က ယန်မျိုးနွယ်အုပ်ချုပ်သူ အာဏာပိုင်များ အသုံးပြုခဲ့သော ရုံးတံဆိပ်တုံးတို့ကို ဖော်ပြထားသည့်အပြင် ထူးခြားချက်အနေဖြင့် ကိုးကန့်စော်ဘွားခေတ်က အသုံးပြုခဲ့သည့် နိုင်ငံသားမှတ်ပုံတင်တစ်ခုကို စိတ်ဝင်စားဖွယ် ပြသထားသည်။

### စော်ဘွားခေတ်က အသုံးပြုခဲ့သည့် နိုင်ငံသားမှတ်ပုံတင်

"စော်ဘွားတွေခေတ်က သုံးခဲ့တဲ့ မှတ်ပုံတင်က အဲဒီတုန်းက ကိုယ့်ဒေသကိုယ် အုပ်ချုပ်ရတယ်။ ကိုယ့်စော်ဘွားနဲ့ကိုယ်အုပ်ချုပ်တော့မှတ်ပုံတင်မရှိရင် ကျွန်တော်တို့ ပြည်မနဲ့ ဆက်သွယ်ဖို့ခက်တယ်။ လာဖို့ခက်တယ်။ ကိုးကန့်နယ်အတွက် ကိုးကန့်လူမျိုးတွေအတွက် သီးသန့်ဆိုပြီး စော်ဘွားကိုယ်တိုင်လက်မှတ်ထိုးထုတ်ပေးထားတာပါ " ဟု ဦးသိန်းဇော်ထွေးက ပြောသည်။

ကိုးကန့်တိုင်းရင်းသားများ နှစ်သစ်ကူးချိန်တွင် မိန်းမပျိုလေးများအား ချစ်ခွင့်ပန်ရန် ပြုလုပ်သည့် ပန်းပေါက်ပွဲ(တာပေါင်)တွင် အသုံးပြုသည့် ပေါင်းဟု ခေါ်သည့် ပန်းဖွားလုံးလေးများ၊ နှစ်သစ်ကူးရက် နှစ်ဆန်း ၁ ရက်မှ ၁၅ ရက်တွင် ကစားလေ့ရှိသည့် ဂျင်ပေါက်ပွဲတွင် အသုံးပြုသည့် ဂျင်၊ ကြိုး၊ အတံအစုံများကိုလည်း ပြသထားပြန်ရာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

"လူကြီး၊ လူငယ်တွေ တော်တော်ကစားကြတယ်။ လောက်ကိုင်နဲ့ ချင်းရွှေဟော်တို့မှာ ပေါက်တယ်။ ပေါက်ပုံ ပေါက်နည်းကလည်း ဂျင်တစ်လုံးကို ပေါက်လိုက်မယ်၊ အလယ်မှာ လည်နေမယ်။ သူက တည်ကြက်ပေါ့။ နောက်တစ်လုံးကို ဂျင်ပေါက်ပြီးရင် ဘယ်လောက်ကြာကြာ လည်နိုင်မလဲ၊ ကောင်းတဲ့ဂျင်တွေဆိုရင် နာရီနဲ့ချီပြီး ကြာတယ်။ လည်နေတာ။ လူကို မထိရဘူး၊ ကြာတဲ့အချိန်ကို ဆုပေးတာ" ဟု ဦးသိန်းဇော်ထွေးက ပြောသည်။

ပြခန်းအတွင်း ဆန်၊ ပဲ၊ ပြောင်းနှင့် တိရစ္ဆာန်အစာများ အမှုန့်ကြိတ်ရာတွင် အသုံးပြုသည့် ကျောက်ကြိတ်ဆုံ၊ ဆန်ဖွပ်၊ မောင်းထောင်း၊ စပါးရိတ်ရာတွင် သုံးသည့် ပစ္စည်းကိရိယာများ၊ ကူးသန်းသွားလာရာတွင် သုံးသည့် နွား၊ မြင်းကုန်းနှီးများ၊ ဝန်စည်စလယ်တင် ကုန်းနှီးများ၊ ကောက်ရိုးထိုင်ခုံများ၊ ဆန်နှင့် ဟင်းသီးဟင်းရွက်များ ဆေးကြောသန့်စင်ရာတွင် အသုံးပြုသည့် ဆန်ဆေးပလုံးများ၊ တိရစ္ဆာန်အစာထည့်သည့် တောင်းများ၊ တောင်ပေါ်ဒေသတွင်သုံးသည့် ကလေးပုခက်များ၊ ဝါးဖြင့် ပြုလုပ်ထားသည့် ရိုးရာဆေးလိပ်သောက်သည့်ပြောင်းများနှင့် တံစဉ်၊ ဓား စသည့်ရှေးယခင်ကိုးကန့်ဒေသ၌ အသုံးပြုခဲ့သည့် တောင်ယာသုံးပစ္စည်းများနှင့် လောက်လေးခွ၊ ဒူးလေး စသည်တို့ကို ခင်းကျင်းပြသထားသည်။

### ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရိုးရာယဉ်ကျေးမှုပြခန်း

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရိုးရာယဉ်ကျေးမှု ပြခန်းအဝင်ဝတွင် ကြီးမားလှသည့် ပင့်ကူရုပ်တုကြီး တစ်ခုက ပြခန်းသို့ လာရောက်ကြည့်ရှုလေ့လာသူတို့အတွက် စိတ်ဝင်စားစရာပင်ဖြစ်သည်။

" ပင့်ကူရုပ်တုကြီးရဲ့ သမိုင်းကို ပြန်ပြောရမယ်ဆိုရင် ကျွန်တော်တို့ ပင်းတယမြို့ဟာ ပင့်ကူရ၊ ပင့်ကူကို အောင်နိုင်သွားတဲ့ မြို့တော်ပေါ့။ သုဓနုမင်းသားက ပင့်ကူရန်ကို လေးမြားနဲ့ပစ်ခွင်းပြီးတော့မှ ရန်ကို နှိမ်နင်းခဲ့တယ်။ ပင့်ကူကို အောင်နိုင်ခဲ့တာကို အစွဲပြုပြီး ပင်းတယလို့ ခေါ်ခဲ့တာဖြစ်လို့ ဒါကို ပြသထားတာ ဖြစ်ပါတယ်" ဟု ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရိုးရာယဉ်ကျေးမှုပြခန်းမှ ကိုကျော်မျိုးထွေးက ပြောသည်။

ပြခန်းအတွင်း မြန်မာနိုင်ငံသားများသာမက နိုင်ငံခြားသားများပါ အထူးစိတ်ဝင်စားသည့် ဓနုတိုင်းရင်းသားများ၏လက်မှုလုပ်ငန်းဖြစ်သည့် ထီးကြမ်းလုပ်ငန်းနှင့်ပတ်သက်၍ လက်တွေ့လုပ်ဆောင်နေမှုများနှင့်အတူ ထီးလုပ်ငန်းပြုလုပ်ရာတွင် သုံးသည့် ပစ္စည်းများ၊ မှိုင်းကိုင်စက္ကူဖြင့် ပြုလုပ်ထားသည့် ထီးကြမ်းများကို အရွယ်စုံ၊ အရောင်အသွေးစုံ မြင်တွေ့နိုင်သည်။

"လက်မှုရိုးရာထီးကြမ်းလုပ်ငန်းဟာဆိုရင် မျိုးဆက် သုံးဆက်လောက်ရှိသွားပါပြီ။ ဒီထီးလေးတွေလုပ်ပြီးတော့ တောင်ယာမှာ မိုးတွင်းမှာ သုံးတယ်။ မှိုင်းကိုင် စက္ကူနဲ့လုပ်တာ။ ဓနုတိုင်းရင်းသားတွေရဲ့ နာမည်ကြီးတဲ့ ရိုးရာထီးလုပ်ငန်းပါ" ဟု ကိုကျော်မျိုးထွေးက ပြောသည်။

ဓနုရိုးရာ အသုံးအဆောင်ပစ္စည်းများဖြစ်သည့် ဓနုတိုင်းရင်းသားများ မြေပဲ၊ နေကြာဆီကြိတ်ရာတွင် သုံးသည့် သစ်သားဆီဆုံ၊ ရိုးရာပွဲတော်များတွင် ချက်ပြုတ်သည့် ပေါင်းအိုး၊ ခရီးသွားလာသည့်အခါ နွားများကိုယ်ပေါ်သို့တင်၍ပစ္စည်းထည့်သည့် ဝန်တင် တောင်း၊ ဆွမ်းတော်တင်ရာတွင်လည်းကောင်း၊ မိသားစုထမင်းစားသည့်အခါတွင်လည်းကောင်း အသုံးပြုသည့် နီးဒေါင်းလန်းများ၊ ဝါးဖြင့် ရက်လုပ်ထားသော တောင်းအမျိုးမျိုး၊ ပြည်တောင်း၊ ချိန်ခွင်၊ ဝါးခလောက်များ၊ မီးကင်းစောင့်သည့်အခါ တီးသည့် ခလောက်များ၊ မှိုင်းကိုင်စက္ကူဖြင့် ရေးထားသည့် စာပေများ၊ မိခင်မေတ္တာကို ရည်ညွှန်းသည့်ရုပ်တုတို့ကို ဗဟုသုတဖြစ်ဖွယ် မြင်တွေ့ နိုင်သည်။

" ဒေါင်းလန်းဆိုရင် မိသားစုတွေ ထမင်းစားတဲ့အခါ သုံးတယ်။ တာတက်ပွဲမှာ ဆွမ်းတော်တင်တဲ့အခါ သုံးတယ်။ ထမင်းတွေ၊ ဟင်းတွေ တင်လှူပြီး ဆုတောင်းကြတာပေါ့။ အခုပြထားတာ သေးသေးလေး၊ အကြီးလည်းရှိတယ်" ဟု ကိုကျော်မျိုးထွေးက ပြောသည်။

ဓနုတိုင်းရင်းသား တူရိယာပစ္စည်းများဖြစ်သည့် အိုးစည် ၊ မောင်း၊ လင်းကွင်း၊ ဝါးလက်ခုပ်၊ ဓားသိုင်းကရာတွင်သုံးသည့် ဓားများ၊ မှိုင်းကိုင်စက္ကူဖြင့် ပြုလုပ်ထားသည့် မီးပုံးများကိုလည်း ပြသထားသည်။

ထို့ပြင် ဓနုတိုင်းရင်းသားများနေထိုင်ကြသည့် ပင်းတယ၊ ရွာငံ၊ နောင်ချိုရပ်စောက်ဒေသများရှိ ပင်းတယလိုဏ်ဂူ၊ မိန်းမရဲတောင်၊ ရေပြာအိုင်စသည့် နာမည်ကျော် အထင်ကရနေရာများ၊ အထင်ကရ ဆရာတော်ကြီးများ၊ ဆရာတော်ကြီးများ၏ ရုပ်ကလာပ်တော်များ နာမည်ကျော်လက်ဖက်နှင့် ကော်ဖီစိုက်ခင်းများကို ဗီနိုင်းဖြင့် ပြသထားသည်ကို လေ့လာခွင့်ရမည်ဖြစ်သည့်အပြင် ဓနုရိုးရာအဝတ်အထည်များ၊ အမှတ်တရ ပစ္စည်းများကိုပါ ဝယ်ယူရန် ဆိုင်ခန်းများလည်း ဖွင့်လှစ်ထားသည်။

" သွေးချင်းတို့ရဲ့ ပွဲတော်ဆီမှာ အခုလိုလာပြခွင့်ရတာ တိုင်းရင်းသားယဉ်ကျေးမှုတွေလည်း အချင်းချင်းဖလှယ်လို့ရတယ်။ တခြားသွေးချင်းတိုင်းရင်းသားတွေ ဖျော်ဖြေတာတွေလည်း သဘောကျတယ်။ ပျော်လည်းပျော်ပါတယ်" ဟု ရိုးရာယဉ်ကျေးမှုပြခန်းမှ ကိုကျော်မျိုးထွေးက ပြောသည်။

*စာမျက်နှာ ၁၉ သို့*



ဦးသိန်းဇော်ထွေး



ကိုကျော်မျိုးထွေး



ကိုးကန့်ကိုယ်ပိုင်ခွင့်ရဒေသရိုးရာယဉ်ကျေးမှုပြခန်း။



ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရိုးရာယဉ်ကျေးမှုပြခန်း။

# (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်မည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နေပြည်တော်၌ ကျင်းပမည့် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲတွင် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့တွင် နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။



တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ တပ်မတော်စစ်သမိုင်းပြတိုက်တွင် လေ့လာနေကြစဉ်။

### အဖွဲ့နှစ်ဖွဲ့ခွဲ၍ လေ့လာ

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များသည် ယနေ့ နံနက်ပိုင်းမှစတင်ကာ အထင်ကရနေရာများဖြစ်သည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၊ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)၊ အမျိုးသားပြတိုက်၊ တိရစ္ဆာန်ဥယျာဉ်၊ နက္ခတ်တာရာပြခန်းနှင့် နေပြည်တော် မြို့မဈေးတို့သို့ အဖွဲ့နှစ်ဖွဲ့ခွဲ၍ သွားရောက်လေ့လာကြသည်။

ကချင်ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့မှ မကိုင်ဂျာက "ဒီနေ့မှာတော့ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ စစ်သမိုင်းပြတိုက်၊ အမျိုးသားပြတိုက်၊ တိရစ္ဆာန်ဥယျာဉ်၊ နက္ခတ်တာရာပြခန်းနဲ့ နေပြည်တော်မြို့မဈေးတို့ကို ကြည့်ရှုလေ့လာခဲ့ပါတယ်။ အခုပထမဆုံးအကြိမ် ရောက်ဖူးတာပါ။ အခုလို တိုင်းရင်းသားပေါင်းစုံနဲ့ လေ့လာခွင့်ရတာ စိတ်ထဲမှာ ပျော်ရွှင်ပီတိဖြစ်မိပါတယ်။ နောက်လည်းအခွင့်ကြုံရင် လာလည်ချင်ပါသေးတယ်။ လိုက်လံပို့ဆောင်ပေးတဲ့တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

ကရင်ပြည်နယ်ရိုးရာယဉ်ကျေးမှုအဖွဲ့မှ အကနည်းပြ စောအောင်ကျော်ငြိမ်းက "အခုလို လည်ပတ်လေ့လာခွင့်ရတာ မတွေ့ဖူး၊ မမြင်ဖူးတာတွေ မြင်တွေ့ရတယ်။ အမျိုးသားပြတိုက်မှာဆိုရင်လည်း ကိုယ်မသိတဲ့ ကိုယ့်နိုင်ငံက ဘုရင်တွေအုပ်ချုပ်ခဲ့တဲ့ ပုံစံလေးတွေ၊ ရှေးဟောင်းအသုံးအဆောင်ပစ္စည်းလေးတွေကို တွေ့ခဲ့ရပါတယ်။ စစ်သမိုင်းပြတိုက်မှာဆိုရင်လည်း တပ်မတော်ကို ဘယ်လိုဖွဲ့စည်းတည်ထောင်ခဲ့တယ်၊ ဘယ်လိုသမိုင်းကြောင်းရှိခဲ့တယ်ဆိုတာကို လေ့လာခွင့်ရခဲ့ပါတယ်။ အခုလိုလည်ပတ်ခွင့်ရတာ ဗဟုသုတတွေလည်း အများကြီးရတယ်။ ပြည်ထောင်စုနေ့မှာ တိုင်းရင်းသားတွေအားလုံး ချစ်ချစ်ခင်ခင်၊ ရင်းရင်းနှီးနှီး၊ စည်းစည်းလုံးလုံးနဲ့ ဖျော်ဖြေတင်ဆက်ခွင့်ရတဲ့အတွက် ကရင်တိုင်းရင်းသား တစ်ဦးအနေနဲ့ အများကြီး ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ အခွင့်အရေးကြုံရင် နောက်ထပ်လည်း ဖျော်ဖြေတင်ဆက်ချင်ပါသေးတယ်" ဟုပြောသည်။

### လေ့လာကြမည်

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့တွင် ကချင်ပြည်နယ်မှ ၆၂ ဦး၊ ကယားပြည်နယ်မှ ၈၀ ၊ ကရင်ပြည်နယ်မှ ၄၀ ၊ ချင်းပြည်နယ်မှ ၄၀၊ တနင်္သာရီတိုင်းဒေသကြီးမှ ၄၀ ၊ မွန်ပြည်နယ်မှ ၃၄ ဦး၊ ရခိုင်ပြည်နယ်မှ ၃၆ ဦး၊ ရှမ်းပြည်နယ်မှ ၇၉ ဦး စုစုပေါင်း ၄၁၁ ဦး ပါဝင်ကြောင်းသိရပြီး လေ့လာရေးဒုတိယနေ့အဖြစ် ဖေဖော်ဝါရီ ၇ ရက်တွင် ဥပ္ပါတသန္တိစေတီတော်၊ နေပြည်တော်ဗုဒ္ဓဂယာ၊ ရေပန်းဥယျာဉ်၊ ကျောက်မျက်ရတနာပြတိုက်၊ Junction Centre နှင့် လွှတ်တော်အဆောက်အအုံတို့သို့ သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအဖွဲ့များကို ပြည်ထောင်စုနေ့ အခမ်းအနားများသို့ တက်ရောက်ရန် နှစ်စဉ်ဖိတ်ကြားခြင်းမှာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများကို အပြန်အလှန်ဖလှယ်နိုင်စေရန်နှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရန် ဖိတ်ကြားခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ဟန်လင်းနိုင်၊ ဟိန်းမင်းစိုး**
**ဓာတ်ပုံ-ထန်းဖုန်**



တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ရှိ တိုင်းရင်းသား ရိုးရာနေအိမ်ကို လေ့လာနေကြစဉ်။




တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ အမျိုးသားပြတိုက်၌ လေ့လာနေကြစဉ်။

---

*စာမျက်နှာ ၁၈ မှ*

### တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြခန်း

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြခန်းတွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် သင်ကြားနေသည့် တိုင်းရင်းသားဘာသာ ၆၄ မျိုး၏အမည်များ၊ တိုင်းရင်းသားဒေသ သင်ရိုးညွှန်းတမ်း စာအုပ်များ၊ တိုင်းရင်းသား ပုံပြ၊ ပုံပြင်စာအုပ် ၆၆ မျိုး၊ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားနေ့နှင့် နေ့ထူးနေ့မြတ်များ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းစာအုပ်များ၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ပုံပြင်များ၊ စကားထာများ၊ ဆိုရိုးစကားများနှင့်ပတ်သက်သည့် စာအုပ်များ၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေစာအုပ်များ၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေစာအုပ်များကို ခင်းကျင်းပြသထားသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြခန်းမှ ရန်ကုန်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုဌာနဦးစီးအရာရှိ ဒေါ်နီနီမင်းသိန်းက " ပြီးခဲ့တဲ့နှစ်က ပြခန်းမပြဖြစ်ခဲ့ ဘူး။ ဒီနှစ်မှ လုပ်ဖြစ်တာပါ။ ပြည်သူအများစုက ကချင်၊ ကယား၊ ကရင်၊ ချင်း စတဲ့တိုင်းရင်းသားရှစ်မျိုးပဲ သိကြတာ။ သူတို့ရဲ့ မျိုးနွယ်စုတွေကို မသိကြဘူး။ အခုဆို ညဘက်မှာ အမှတ်တရဓာတ်ပုံရိုက်တဲ့သူတွေ ရှိတယ်။ ပြခန်းကို နိုင်ငံခြားသားတွေလာတဲ့ အခါမှာလည်း စိတ်ဝင်စားတာတွေ့ရတယ် " ဟု ပြောသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြခန်း။





ဒေါ်နီနီမင်းသိန်း

အဆိုပါ ပြခန်းအတွင်း မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား ၁၃၅ မျိုး၏ အမည်စာရင်းများ ၊ ကချင်၊ ကယား၊ ကရင်၊ ချင်း ၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားများအပါအဝင် ၎င်းတို့ မျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်ပုံများ၊ နေထိုင်စားသောက်မှုပုံစံများ၊ ဖြစ်ပေါ်လာသော သမိုင်းကြောင်းများကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ဖော်ပြထားမှုများ၊ တိုင်းရင်းသားဒေသအသီးသီးရှိ ထင်ရှားကျော်ကြားသောနေရာများ၊ ယဉ်ကျေးမှု အဆောက်အအုံများကိုပါ ပြသထားသည့်အပြင် လာရောက်ကြည့်ရှုလေ့လာသူများအား တိုင်းရင်းသားများနှင့်ပတ်သက်သည့် အချက်အလက်များကို ဖြေကြားပေးခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်းတို့ ပြုလုပ်ပေးလျက်ရှိရာ ဗဟုသုတတိုးပွားစေသည့် ပြခန်းဖြစ်သည်။

### မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းပြခန်း

သွေးချင်းတို့ရဲ့ပွဲတော်ဆီပွဲတော်ကြီး ဖြစ်မြောက်ရန် ကြိုးမှုးဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကလည်း ပြခန်းဖွင့်လှစ်ကာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ပအိုဝ်း၊ တအာင်း(ပလောင်)၊ ဓနု၊ ကိုးကန့်၊ 'ဝ'၊ နာဂ စသော တိုင်းရင်းသားများ၏ သမိုင်းဆိုင်ရာ အချက်အလက်များ၊ သွေးချင်းတို့ရဲ့ပွဲတော်ဆီ ပွဲတော်ဖြစ်ပေါ်လာပုံနှင့် ၂၀၁၉ ခုနှစ်က ကျင်းပခဲ့သည့် မှတ်တမ်းများ၊ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း စတင်ဖြစ်ပေါ်လာပုံနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ဆောင်ရွက်မှုမှတ်တမ်းများကို ဓာတ်ပုံမှတ်တမ်းများဖြင့် ပြသထားရာ ယခုနှစ်ကျင်းပသည့် " သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀" ပွဲတော်ကြီးသည် ပြည်ထောင်စုဖွား တိုင်းရင်းသား အားလုံး၏ ရိုးရာဓလေ့စရိုက်များ၊ စာပေယဉ်ကျေးမှုများ၊ အစားအသောက်နေထိုင်မှုပုံစံများကို တစ်နေရာတည်း ကြည့်ရှုလေ့လာခွင့်ရသည့် တိုင်းရင်းသားကမ္ဘာကြီးတစ်ခု ဖြစ်နေခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ ။

# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ပခုက္ကူမြို့နေ

ဦးဝမ်းငွေး-ဒေါ်သီသီဦး(ချန်ပီယံ-ရွှေပြည်သစ်-ဆန်နှင့်ဓာတ်မြေဩဇာရောင်းဝယ်ရေး)

တို့၏သားကြီး

**မောင်ကြည်သာစိုး**

Managing Director(SPT Agricultural Machinery)

Bachelor of Technology (Architecture)

MBA(University of the Thai Chamber of Commerce) နှင့်

ရွှေဘိုမြို့နေ သုခမ္မမဏိဓောတရေသီဟသုခမ္မမဏိဓောတရေ(ဒေါက်တာဘိုကြီး)(လူမှုထူးချွန်)-သုခမ္မသိင်္ဂီဒေါ်တင်နု

(ဥက္ကဋ္ဌ၊ ရုပ်ပျိုကုမ္ပဏီလီမိတက်)တို့၏သမီး

**မအေးအိသု**

Managing Director(Juvenile Purified Drinking Water)

Bachelor of Business (University of Newcastle, Australia)

MBA(University of the Thai Chamber of Commerce) တို့၏

၃၁-၁-၂၀၂၀ရက်တွင် Oriental House Mandalay ၌ ကျင်းပပြီးစီးခဲ့သော စုလျားရစ်ပတ်ထိမ်းမြား မင်္ဂလာပွဲသို့ မေတ္တာဖြင့် တက်ရောက်ချီးမြှင့်ပေးပါသော စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်၏ ဇနီးဒေါ်တင့်တင့်(ခ)ဒေါ်ချူးချူးတို့အားလည်းကောင်း၊ မေတ္တာဖြင့်မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဆင်မြန်းပေးပါသော ဦးမြင့်နိုင်နှင့်ဇနီး၊ သီရိသုခမ္မသိင်္ဂီ ဒေါ်ခင်ရွှေ (Asia Naing Enterprises)တို့အားလည်းကောင်း၊ မေတ္တာဖြင့် စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်ပေးပါသော တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးဆွေနှင့်ဇနီး ဒေါ်ညွန့်စီတို့အားလည်းကောင်း၊ မင်္ဂလာဘိသေက အခါတော်ပေးဦးအောင်မြင့်နှင့် မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော စောင်းမှုမှုသိန်း၏သမီးအဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော ညီမငယ် မမြတ်ကြာဖြူ၊ အောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော ညီမငယ်မသဲစုနိုင်၊ လက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော ညီမငယ်မခင်နှင်းရွှေစင်(ခ)ဂူးဂူးတို့အားလည်းကောင်း၊ သတို့သားအရံအဖြစ်ကိုထွန်းဝင်း၊ ကိုအောင်ဖြိုးဝေ၊ သတို့သမီးအရံအဖြစ် မဆုမြတ်နိုး၊ မဝေဝေလွင်တို့အားလည်းကောင်း၊ မေတ္တာဖြင့် လက်ဝတ်ရတနာ ဆင်မြန်းပေးပါသော စိန်စမွယ်ဖူး စိန်တိုက်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော Designer ကိုမင်းသက်စံနှင့်အဖွဲ့(Sweet& Smart Fashion)တို့အားလည်းကောင်း၊ ဆံပင် မိတ်ကပ် အလှဖန်တီးရှင် တော်ဝင်သူ မေဦးမောင်နှင့်အဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံဗီဒီယိုရိုက်ကူးပေးပါသော (AWAKE Production) အဖွဲ့တို့အားလည်းကောင်း၊ ပန်းအလှဆင်မြန်းပေးပါသော (Cattleya Floral Service)အဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာဖိတ်စာများရိုက်နှိပ်ပေးပါသော တရုတ်ကြီးဖိတ်စာလုပ်ငန်းတို့အားလည်းကောင်း၊ မင်္ဂလာပွဲအောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအား လှိုက်လှဲစွာအထူးပင်ကျေးဇူးတင်ရှိအပ်ပါသည်။

**မောင်ကြည်သာစိုး-မအေးအိသု**

## ထူးတက်တိုးဆောက်လုပ်ရေးကုမ္ပဏီသိစေရန်နှင့် အများသိစေရန်ကြေညာခြင်း

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် သာပေါင်းမြို့နယ် အထက-သာပေါင်းနှင့် အလက(ခွဲ) စစ်ပင်ကြီးကျောင်းအား ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောက်လုပ်ရန် ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် ထူးတက်တိုးကုမ္ပဏီ ဦးကောင်းမြတ်စိုး ၁၂/အစန(နိုင်)၀၆၉၁၀၄ (အုပ်ချုပ်မှု ဒါရိုက်တာ)တို့ စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ပါသည်။ တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာအရ အထက-သာပေါင်းနှင့် အလက(ခွဲ) စစ်ပင်ကြီးကျောင်းတို့တွင် ရက်လွန်ဒဏ်ကြေး ၄၀၂၇၀၀၀ိ/၊ စံနှုန်းထက်ပိုငွေနှင့် မျက်မြင်လျော့နည်းဆောင်ရွက်ခြင်းအတွက် ၅၇၈၂၉၀၇/ တို့ကို ဌာနငွေစာရင်းသို့ ပြန်လည်ပေးသွင်းရန် နှိုးဆော်အကြောင်းကြားထားသော်လည်း ယနေ့အထိ ဆက်သွယ်မှုမရရှိပါသဖြင့် ယခုကြော်ငြာသည့်ရက်မှ ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးသို့ ဆက်သွယ်ရန်နှင့် ပျက်ကွက်ပါက စာချုပ်ပါစည်းကမ်းနှင့်အညီ ဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း ကုမ္ပဏီတာဝန်ရှိသူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဧရာဝတီတိုင်းဒေသကြီး ပညာရေးမှူးရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ သာယာရွှေပြည်အိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၁၀၃)ကို မူလပိုင်ရှင် အမည်ပေါက်ဦးစိန်ဝင်းထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးသိန်းထွန်း ၁၂/မဘန(နိုင်)၀၁၀၇၉၉အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန်ထရိုက်တာဒေါ်လွဲ့လွဲ့ဝင်းနှင့်အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရွှေပင်လုံအိမ်ရာ၊ ရတနာနှင်းဆီလမ်း၊ တိုက်အမှတ်(A-6)နေ ဒေါ်သန်းသန်းဦး(ခ) ဒေါ်သန်းသန်းအေး(ဘ)ဦးထွန်းကြည် ၁၄/ပသန(နိုင်)၀၄၆၈၅၇၏ လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်လွဲ့လွဲ့ဝင်း(ကန်ထရိုက်တာ) LC-762နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ အမှတ်(၃၈)ရပ်ကွက်၊ သူရလမ်း၊ အကွက်အမှတ်(၁၀၇)၊ မြေဧရိယာ အလျားအနံ (၆၀'x၄၀')ပေရှိ မြေကွက်ပေါ်တွင် အလျား၊ အနံ(၁၅'x၂၅')ရှိ တိုက်ခန်းတွဲ (၄)ခန်း နှစ်ထပ်(RC)တိုက် အဆောက်အအုံ(၄)လုံး၊ အခန်းပေါင်း(၁၆)ခန်းအား "PAE"စနစ်ဖြင့် RC(2)ထပ် အဆောက်အအုံများဆောက်လုပ်ရန် နှစ်ဦးသဘောတူလုပ်ငန်းအပ်နှံခြင်းကတိစာချုပ်"ဖြင့် ၂၀၁၈ခုနှစ် ဒီဇင်ဘာ ၁၄ရက်က လုပ်ငန်းအပ်နှံသူ ဒေါ်သန်းသန်းဦး(ခ)ဒေါ်သန်းသန်းအေး ၁၄/ပသန(နိုင်)၁၄၆၈၅၇ ကိုင်ဆောင်သူမှ လုပ်ငန်းလက်ခံသူ ဒေါ်လွဲ့လွဲ့ဝင်း (ကန်ထရိုက်တာ LC-762) ၁၂/ကမတ(နိုင်)၀၁၂၁၈၄ ထံ အပ်နှံဆောက်လုပ်ခဲ့ပါသည်။

